# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၀၂၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Iskander Azizov သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ မြန်မာ – ရုရှားနှစ်နိုင်ငံအကြား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ ပညာသင်ကြားမှုဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ခရီးသွားကဏ္ဍ မြှင့်တင်မှုကိစ္စရပ်များနှင့် အခြားကဏ္ဍပေါင်းစုံ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံတော်အဆင့်နှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များ သွားရောက်လျက်ရှိမှုနှင့် ခိုင်မာကောင်းမွန်သည့်

*စာမျက်နှာ ၃ ကော်လံ ၁ ➔*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။


**ယနေ့** *ဖတ် စ ရာ*

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲနေ့ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ၊ ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၆၀၁ တွဲ ရောင်းချနိုင်ခဲ့ — ပြည်တွင်းသတင်း စာ ၈

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဆက်လက်ကျင်းပ — ပြည်တွင်းသတင်း စာ ၁၀

ရေးနေ့ဒ့ လျှပ်စစ်ကားထုတ်လုပ်ရေးတွင် မစ်ဆူဘီရှီကုမ္ပဏီက အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ရင်းနှီးမြှုပ်နှံမည် — နိုင်ငံတကာသတင်း စာ ၁၅

မြန်မာ့အလင်း

# ဆင်ခြင်တုံတရားဖြင့် သတိထား အမှန်နှင့်အမှား ဝေဖန်ပိုင်းခြား

နှစ်စဉ် အောက်တိုဘာလ၏ စတုတ္ထပတ်သည် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်ဖြစ်သည်ဟု ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) က သတ်မှတ်ထားသည်။ ၁၇ ရာစုတွင် ပေါ်ပေါက်လာခဲ့သော သတင်းစာများမှသည် ရေဒီယို၊ ရုပ်မြင်သံကြား အစရှိသော အများပြည်သူထံ သတင်းအချက်အလက်ဖြန့်ချိပေးသည့် နည်းလမ်းများသည်လည်း မီဒီယာများပင်ဖြစ်သည့်တိုင် အင်တာနက်ခေတ်သို့ရောက်မှ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု (Media and Information Literacy) က ကမ္ဘာနှင့်ချီ၍ ကျယ်ပြန့်လာခဲ့ခြင်းဖြစ်သည်။

မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုသည်မှာ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက် အစရှိသည့် မီဒီယာများမှ ထုတ်ပြန်ပေးလိုက်သည့် သတင်းအချက်အလက် အကြောင်းအရာများ၊ ဓာတ်ပုံ၊ ရုပ်ပုံ၊ ရုပ်ရှင်များ၊ သင်္ကေတများ အစရှိသည့် ဖော်ပြချက်များကို ချင့်ချိန်၊ အကဲဖြတ်၊ အနက်ကောက်၊ ပါဝင်ဆောင်ရွက်နိုင်သည့် စွမ်းရည်ဟုဆိုသည်။ မီဒီယာများသည် စီးပွားရေးထုတ်ကုန်များပင် ဖြစ်စေကာမူ အခြားထုတ်ကုန်များနှင့် မတူဘဲ စားသုံးသူလူထုအပေါ်တွင် တစ်စုံတစ်ရာ လွှမ်းမိုးနိုင်စွမ်းရှိကြသည်။ မီဒီယာများက လူထု၏ အပြုအမူများအပေါ်တွင် ဩဇာညောင်းကြသည်။ ဤအချက်ကို သိရှိကြသည့် နိုင်ငံရေး၊ စီးပွားရေး အစရှိသော နယ်ပယ်အသီးသီးတို့မှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ စသည်တို့က ၎င်းတို့၏ အကျိုးစီးပွားအတွက် မီဒီယာအတတ်ပညာနှင့် မီဒီယာနည်းလမ်းများကို အသုံးချကာ ပြည်သူလူထုကို ၎င်းတို့လိုရာ လုပ်နိုင်စေရန် ဆောင်ရွက်လာကြသည်။

ထိုအခါ မည်မျှလွတ်လပ်သည့်မီဒီယာ၊ မည်မျှကျင့်ဝတ်စောင့်ထိန်းသည့်မီဒီယာ စသည်ဖြင့် ကြွေးကြော်စေကာမူ ၎င်းတို့ထံမှ ရရှိသည့် သတင်းအချက်အလက်များကို စဉ်းစားချင့်ချိန်ရန်၊ ခွဲခြမ်းစိတ်ဖြာရန်၊ ဝေဖန်သုံးသပ်ရန် လိုအပ်လာသည်။ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့ခေတ်တွင်ပင် ကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ တာဝန်ယူမှု တာဝန်ခံမှုတို့ဖြင့် ထိန်းချုပ်ထားစေကာမူ ဘက်လိုက်မှု၊ လိုရာဆွဲရေးသားဖော်ပြမှု၊ မမှန်မှု စသည်တို့နှင့် မကင်းခဲ့ရာ လူတိုင်း စမတ်ဖုန်းကိုင်နိုင်ပြီး လူတိုင်း ဂျာနယ်လစ်ဖြစ်နိုင်သည့် ဒစ်ဂျစ်တယ်ခေတ်တွင် အွန်လိုင်းပေါ်မှသတင်းများ၊ အချက်အလက်များ၊ အသံများ၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ရုပ်ရှင်များ စသည်တို့ကို ပို၍ချင့်ချိန်ရန်၊ စိစစ်ရန်၊ ဝေဖန်သုံးသပ်ရန် လိုအပ်လာသည်။ သတင်းတု သတင်းမှားများသည် ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် အလွန်လျင်မြန်သောနှုန်းထားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့နေခြင်းက လူတစ်ဦးချင်းအတွက်၊ လူမျိုးစုများအတွက်၊ နိုင်ငံများအတွက် ကြီးမားသည့် အန္တရာယ်ပင်ဖြစ်ရာ ကမ္ဘာပေါ်ရှိ လူသားအားလုံး မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု မြင့်မားရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူအများစုမှာ လူမှုကွန်ရက်တစ်ခုခုကို သုံးစွဲနေကြခြင်းဖြစ်ပြီး သတင်းအချက်အလက်များကိုလည်း လူမှုကွန်ရက်မှပင် ရယူနေကြခြင်းဖြစ်သည်။ ဖေ့စ်ဘုတ်၊ အင်စတာဂရမ်၊ အိတ်က်စ် အစရှိသည့် လူမှုကွန်ရက်များကို သတင်းရင်းမြစ်များအဖြစ် မှီခိုမှုများပြားလာခြင်းကြောင့် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ သတင်းရယူမှု လျော့နည်းသွားသည်။ လူမှုကွန်ရက်အသုံးပြုမှု လျင်လျင်မြန်မြန် တိုးတက်များပြားလာသော်လည်း မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု လွန်စွာ အားနည်းလျက်ရှိသေးကြောင်း လူမှုကွန်ရက်များ၌ပင် တွေ့ရှိနေရသည်။ လူပုဂ္ဂိုလ်ရေး သိက္ခာချ တိုက်ခိုက်မှုများ၊ ဘာသာလူမျိုးတစ်ခုနှင့်တစ်ခုအကြား အမုန်းပွားစေမည့် အပြောအဆို အရေးအသားများ၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဘာသာရေးနှင့် ယဉ်ကျေးမှုအပေါ် ပုတ်ခတ်မှုများ၊ သတင်းအတုအယောင်များ၊ သတင်းလိမ် သတင်းမှားများ စသည်တို့က လူမှုကွန်ရက်ကို ဖုံးလွှမ်းနေသည်။ သို့ဖြစ်ရာ အွန်လိုင်းပေါ်တွင် တွေ့သမျှ၊ မြင်သမျှ၊ ကြားသမျှတို့အပေါ် ချင့်ချိန်ဝေဖန်စိစစ်နိုင်ရန် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု မြင့်မားဖို့လိုသည်။

ဒစ်ဂျစ်တယ်နည်းပညာသည် ကမ္ဘာကြီးကို အရှိန်အဟုန်ဖြင့် ပြောင်းလဲစေခဲ့သလို အန္တရာယ်များကိုလည်း အများအပြား ဆောင်ယူလာခဲ့သည်။ မိမိတို့နိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲ အခြေအနေတွင် ဒစ်ဂျစ်တယ်ပလက်ဖောင်းမှတစ်ဆင့် အဖျက်အမှောင့်အန္တရာယ်များ ဝင်ရောက်လျက်ရှိနေရာ လူတိုင်းက ဆင်ခြင်တုံတရားဖြင့် သတိထားကာ အမှန်နှင့်အမှား ဝေဖန်ပိုင်းခြားနိုင်ကြရပါမည့်အကြောင်း။ ။



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးအသစ်အဖြစ် ခန့်အပ်ခြင်းခံရသည့် မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ် အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအသစ်အဖြစ် ခန့်အပ်ခံရသည့် မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းအင်၊ လျှပ်စစ်နှင့် ခရီးသွားလုပ်ငန်း အပါအဝင် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## မွန်ပြည်နယ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သည့် နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား စာရင်းများ မှန်ကန်မှုရှိ/မရှိ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မော်လမြိုင် အောက်တိုဘာ ၂၅

မွန်ပြည်နယ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သည့် နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား စာရင်းများ မှန်ကန်မှု ရှိ/မရှိ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မွန်ပြည်နယ်တာဝန်ခံ) ဦးကိုကိုလွင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲ အရာရှိများ၊ နိုင်ငံရေးပါတီများမှ ပြည်နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ မွန်ပြည်နယ်အတွင်း ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲတစ်ရပ် ဖြစ်ပေါ်လာရေး တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က လက်ရှိ ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းချပြခြင်း၊ တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခြင်း၊ တက်ရောက်လာသော ပါတီများမှ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေး ပြောကြားပြီး မွန်ပြည်နယ်ရွေးကောက်ပွဲအရာရှိက မွန်ပြည်နယ်အတွင်း ပါတီဝင်အင်အားစာရင်းများ စိစစ်ခြင်းနှင့် ပတ်သက်၍ တွေ့ရှိချက်များအား ရှင်းလင်းတင်ပြရာ တက်ရောက်လာသော နိုင်ငံရေးပါတီများမှ သက်ဆိုင်ရာ ပါတီများအလိုက် ပါတီဝင်အင်အားစာရင်း တွေ့ရှိချက် ပြည်နယ်ချုပ်အပေါ် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အထက်တန်းသူနာပြုအဆင့် တိုးမြှင့်ခံရသည့် ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြု



တာချီလိတ် အောက်တိုဘာ ၂၅

တာချီလိတ်ခရိုင် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် သူနာပြုများမှ အထက်တန်းသူနာပြုအဆင့်သို့ တိုးမြှင့်ခန့်ထားခံရသည့် ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုပွဲနှင့် ဝတ်စုံပေးအပ်ပွဲကို အောက်တိုဘာ ၂၅ ရက်က အဆိုပါဆေးရုံကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆေးရုံအုပ် ဒေါက်တာဝင်းနိုင်က ရာထူးတိုးမြှင့်ခံရသည့် အထက်တန်းသူနာပြု ၁၁ ဦးအား ဂုဏ်ပြုစကား ပြောကြားကာ ဝတ်စုံများ၊ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး (ဝဲပုံ) ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

○ *ရှေ့ဖုံးမှ*

ဆက်ဆံရေးရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား တိုက်ရိုက် လေကြောင်းပျံသန်းမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၌ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လက်ရှိနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်နေမှု အခြေအနေများ၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏာဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov တို့ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် စေတနာသွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းမှု ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် စေတနာသွေးလှူရှင်များသည် ယနေ့တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စုပေါင်းပြီး သွေးလှူဒါန်းကြရာ နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး သွားရောက်ကြည့်ရှုအားပေးသည်။ (ဓာတ်ပုံ)



**လိုက်လံကြည့်ရှု**

စုပေါင်းသွေးလှူဒါန်းရာတွင် နေပြည်တော်တွင် ၅၄ ဦးနှင့် ရန်ကုန်၊ မန္တလေး၊ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ၄၅၃ ဦး သွေးလှူရှင် စုစုပေါင်း ၅၀၇ ဦးတို့က လှူဒါန်းခဲ့ပြီး အဆိုပါသွေးလှူဒါန်းပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနကြီးမှူးများ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာနှင့် ဆေးဝါးများ ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

**စုပေါင်းသွေးလှူဒါန်း**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်း စုပေါင်းသွေးလှူဒါန်းခြင်း အစီအစဉ်များကို ၂၀၁၆ ခုနှစ်မှ စတင်စီစဉ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယခုအကြိမ်မှာ (၁၂) ကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၅

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ စစ်ဘက်ဆိုင်ရာ တက္ကသိုလ် ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အီဂေါမီ ရှုသ်ကင် (Lieutenant General Igor MISHUTKIN) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ စစ်သံမှူး Colonel Sergey Kurchenko နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စစ်ဘက်ဆိုင်ရာ တက္ကသိုလ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နွေးထွေးစွာကြိုဆို**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာ တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့်တကွ အဖွဲ့ဝင်များအား မိမိအနေဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း ဦးစွာပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီးက ယခုကဲ့သို့ မိမိတို့ ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ်မှ အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး တိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်မှု၊ စစ်ဘက်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်မှု၊ ပညာတော်သင် သင်တန်းသားများ စေလွှတ်ခြင်းဖြင့် နှစ်နိုင်ငံ တပ်မတော်နှင့် အစိုးရနှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုကို တိုးတက်ခိုင်မာအောင် စွမ်းဆောင်နိုင်မှုတို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် (Military University of Defence Ministry) ၏ "ဂုဏ်ထူးဆောင် ပါမောက္ခ" ဘွဲ့ (Honorary Professor of the Russian Military University) ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စစ်တက္ကသိုလ်မှ ဘုတ်အဖွဲ့များ၏ ဆုံးဖြတ်ချက်အရ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်တွင် ချီးမြှင့်အပ်နှင်း ပေးအပ်နိုင်ခဲ့သည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြန်လည်ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အီဂေါမီ ရှုသ်ကင် (Lieutenant General Igor MISHUTKIN) အား လက်ခံတွေ့ဆုံစဉ်။


## ❖ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ်မှ ဆောင်ရွက်လျက်ရှိသည့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ဆက်လက်ပြီး နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာ တက္ကသိုလ်မှ ဆောင်ရွက်လျက်ရှိသည့် သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ ယခုလက်ရှိတွင် ဘာသာစကား သင်တန်းများကိုလည်း သင်ကြားပေးလျက်ရှိပြီး မြန်မာဘာသာစကားကို တိုးချဲ့သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် မြန်မာနိုင်ငံ၌ မြန်မာဘာသာစကား လာရောက်သင်ကြားခွင့်ရရှိရေး ဆောင်ရွက်ပေးစေလိုမှု အခြေအနေများ၊ မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်တို့သည် ပြည်သူက ပေါက်ဖွားလာသည့် တပ်မတော်များဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက် ပေးနေမှုကြောင့် ကာကွယ်ရေး တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး တက်ရောက်လာကြသူများ နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အီဂေါမီ ရှုသ်ကင် (Lieutenant General Igor MISHUTKIN) ဦးဆောင်သောအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

❖ *ကျောဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဒေါက်တာ ချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။ **(ယာပုံ)**

**ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်လျက်ရှိ**

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် (၁/၂၀၂၂) အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့နှင့် ဒုတိယအကြိမ် (၁/၂၀၂၃) အစည်းအဝေးကို ၂၀၂၃ခုနှစ်၊ ဇွန် ၈ ရက် ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကာ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအေဂျင်စီများ ချိတ်ဆက်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအစည်းအဝေးသည် လုပ်ငန်းကော်မတီ၏ တတိယအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး ရည်ရွယ်ချက်များအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် သေချာသော ပြည်တွင်းကုန်ကြမ်းများကို အသုံးပြုသည့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သော စားသုံးဆီ၊ ဆန်နှင့်ဆန်ကွဲ၊ ပီလောပီနံ၊ ရော်ဘာ၊ ဝါ၊ ကော်ဖီ၊ လက်ဖက်လုပ်ငန်းများ၊ သစ်၊ ကြိမ်၊ ဝါးများကို အခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများ၊ မွေးမြူရေး အသား၊ ငါးကို အခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးနိုင်ရန်၊ လုပ်ငန်းကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အေဂျင်စီများက ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေး တွန်းအားပေးလုပ်ဆောင်နိုင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း။

**အဓိကကျသည့်သော့ချက်ဖြစ်**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ ရေခံမြေခံ ပထဝီအနေအထားနှင့် အပြန်အလှန်ဆက်စပ်လျက်ရှိပြီး နိုင်ငံတစ်ခုလုံး အေးချမ်းသာယာစည်ပင်ဝပြောရေး၊ ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်တည်ဆောက်ရေး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့်သော့ချက်ဖြစ်ကြောင်း။

နိုင်ငံတစ်ခုအတွက် စီးပွားရေးဦးမော့လာစေရန်အတွက် ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းကဏ္ဍပေါင်း များစွာရှိသည့်အနက် MSME များကို အားပေးမြှင့်တင်



**❋ နိုင်ငံတစ်ခုအတွက် စီးပွားရေးဦးမော့လာစေရန်အတွက် ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းကဏ္ဍပေါင်းများစွာရှိသည့်အနက် MSME များကို အားပေးမြှင့်တင်ခြင်းသည် အဓိကအခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေ၊ MSME များသည် စီးပွားရေးလုပ်ငန်းများတွင် အဓိကအရေးပါသော အခြေခံလုပ်ငန်းများဖြစ်သည့်အတွက် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်**

**❋ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပါက စီးပွားရေးမတည်ငြိမ်သည့် ကြားကာလများမှာပင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား ထိန်းကျောင်းပေးနိုင်စွမ်းရှိကြောင်းကို လေ့လာသိရှိရ**

ခြင်းသည် အဓိကအခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေကြောင်း၊ MSME များသည် စီးပွားရေးလုပ်ငန်းများတွင် အဓိကအရေးပါသော အခြေခံလုပ်ငန်းများဖြစ်သည့်အတွက် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားကို ဖွံ့ဖြိုးတိုးတက်လာစေပြီးနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့သည့် မြန်မာနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒမှာ MSME ကဏ္ဍ၏ အရေးပါပုံကို အထူးအလေးထား ဖော်ပြထားကြောင်း၊ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပါက စီးပွားရေးမတည်ငြိမ်သည့် ကြားကာလများမှာပင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား ထိန်းကျောင်းပေးနိုင်စွမ်းရှိကြောင်းကို လေ့လာသိရှိရကြောင်း။

**မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် “စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ခိုင်မာစေရေး” နှင့် “ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး”၊ အမျိုးသားရေး ရည်မှန်းချက် (၂) ရပ်ဖြစ်သည့် “တိုင်းပြည်သာယာဝပြောရေး” နှင့် “စား၊ ရေ၊ ရိက္ခာ ဖူလုံရေး”တို့ကို နိုင်ငံတော်၏ မျှော်မှန်းချက်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါမျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ခဲ့ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးဦးတည်ချက် (၃)ရပ် ထဲတွင် “**တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့်တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**” နှင့် “**တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး**” ဆိုသည့် အချက်များလည်း ပါဝင်ပါကြောင်း။

အဆိုပါ စီးပွားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံ့စီးပွားကို မြှင့်တင်ရေးအတွက် MSME လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး ပြည်သူလူထုအတွက် ထုတ်ကုန်များစွာကို ဒေသအသီးသီးတွင်ရှိသည့် MSME များကို ထုတ်လုပ်ပေးခြင်းအားဖြင့် နိုင်ငံ၏ GDP တိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို နိုင်ငံအတွင်း စား၊ ရေ၊ ရိက္ခာဖူလုံမှုအတွက် အဓိကထားထုတ်လုပ်စေခြင်းမှ အဆိုပါလုပ်ငန်းများကို အခြေခံပြီး အခြားသောကဏ္ဍများဖြစ်သည့် ပြည်တွင်းပြည်ပ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကိုလည်း ဘက်စုံတိုးတက်လာစေရန် ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအားပေးမြှင့်တင်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင်ရှိသည့် MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ (၂၃)ကြိမ်၊ မိမိအနေဖြင့်လည်း MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ (၄)ကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ တွေ့ဆုံပွဲများတွင် လုပ်ငန်းရှင်များက ကဏ္ဍအလိုက် လိုအပ်ချက်များ တင်ပြကြပြီး အဆိုပါတင်ပြချက်များကို ခြုံငုံကြည့်ပါက အများအားဖြင့် **နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာ** လိုအပ်ချက်များကို အများဆုံးတင်ပြခဲ့ကြကြောင်း၊ နိုင်ငံတကာတွင်လည်း MSME များသည် ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ရရှိမှု၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်းစသည့် အခက်အခဲများနှင့် ရင်ဆိုင်နေကြရကြောင်း။

**စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှား**

မိမိတို့မြန်မာ့ MSME များအနေဖြင့် တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲများနှင့် အခြားသောအခက်အခဲများကို စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားသွားရမည်ဖြစ်ပြီး ရှိနေသည့်အခွင့်အရေးများကိုလည်း အရယူပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ဖြစ်သည့်အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရမှုအစား ပြည်တွင်း MSME များမှ လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့ပြန်လည်တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခြေခံလူသုံးကုန်ပစ္စည်းများ ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရန် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ ဈေးကွက်အတွင်း အချိန်မီရောက်ရှိမှသာ ကုန်ထုတ်လုပ်မှုကို အမြန်ဆုံး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုတွင် သေချာသည့် ပြည်တွင်းကုန်ကြမ်းကို အသုံးပြုပြီး ထုတ်လုပ်နိုင်ရေးကို အလေးထားဆောင်ရွက်ရန် ထပ်မံတိုက်တွန်းလိုကြောင်း။

ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးပုံစံများ အဆင့်ဆင့်ပြောင်းလဲလာခဲ့ပြီး နည်းပညာများ၊ ဆန်းသစ်တီထွင်မှုများ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာ နည်းပညာများသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာသည်ကို တွေ့ရှိရကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်လာစေရန် Incubation Center များ တည်ထောင်ပြီး အစပျိုးစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပိုမိုကောင်းမွန်လာစေရန်၊ ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်မှုများ ပိုမိုအားကောင်းလာစေရန် လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် MSME များ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဈေးကွက်ချိတ်ဆက်နိုင်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးမှုတို့ကလည်း အသက်သွေးကြောကဲ့သို့ အလွန်အရေးပါသည့်အတွက် ဒေသအသီးသီးတွင် ဈေးကွက်များ၊ ကုန်စည်အဝယ်ဒိုင်များ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဒေသတွင်း ထုတ်ကုန်များကိုလည်း နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအစီအမံများ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**အောင်မြင်မှုခြေလှမ်း တစ်ရပ်**

လက်တွေ့ချိတ်ဆက် ဆောင်ရွက်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်များ ဦးဆောင်သည့် MSME အေဂျင်စီများမှ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်မှုအရ ဒေသအလိုက် MSME လုပ်ငန်းများမှ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို သီလဝါအထူးစီးပွားရေးဇုန်ရှိ Free ဇုန်နှင့် Promotion ဇုန်တို့မှ ကုမ္ပဏီလုပ်ငန်း ၂၈ ခုမှ လိုအပ်သည့်အမှာစာများအတိုင်း တင်ပို့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ MSME လုပ်ငန်း (၃၆)ခုမှ အမှာစာကုန်ကြမ်းပစ္စည်းအမျိုးပေါင်း (၃၃)ခုကို ကာလတန်ဖိုးကျပ်သန်း ၆ ဒသမ ၅၆၂ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၄ သန်းကျော် ထုတ်ကုန်ပစ္စည်းဈေးကွက်ချိတ်ဆက် ပေးနိုင်ခဲ့သည်ကို တွေ့ရသည့်အတွက် MSME လုပ်ငန်းများ၏ အောင်မြင်မှုခြေလှမ်း တစ်ရပ်ဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ အလားတူ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် MSME အေဂျင်စီများကလည်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီများ၏ ဆောင်ရွက်မှုများကို နမူနာယူပြီး မိမိတို့ MSME ထုတ်ကုန်ပစ္စည်းများ၊ OROP ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်ရရှိရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးအထိ ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်**

နိုင်ငံတကာဈေးကွက်ရရှိပြီး ပြည်ပပို့ကုန်အဖြစ် တင်ပို့နေသည့် ပစ္စည်းအမယ်များအပြင် အမယ်သစ်များတိုးချဲ့တင်ပို့နိုင်ရေးနှင့် ပြည်တွင်းသွင်းကုန် အစားထိုးနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအချင်းချင်း ဒေသလိုအပ်ချက်များ၊ ဒေသတွင်းစားသုံးသူများ၏

*စာမျက်နှာ ၆ သို့*

- **MSME များကို အားပေးမြှင့်တင်ပေးရေး ဆောင်ရွက်ရာတွင် သေချာသည့် ကုန်ကြမ်း၊ လိုအပ်သည့် သွင်းအားစု၊ နည်းပညာ၊ ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အခြေခံအုတ်မြစ်သဖွယ် အလေးထားစီမံပံ့ပိုးပေးသွားရမည်**
- **လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးရာတွင်လည်း MSME များ အမှန်တကယ်လိုအပ်သည့် ကျွမ်းကျင်လုပ်သားများကို TVET အစီအစဉ်များဖြင့် မွေးထုတ်ပေးခြင်းနှင့် ခေတ်နှင့်အညီ လိုအပ်လာသည့် ကျွမ်းကျင်မှုများ တတ်မြောက်လာစေရန် ဆောင်ရွက်ပေးသွားရမည်**

*စာမျက်နှာ ၅ မှ*

လိုအပ်ချက်များ အစရှိသည်တို့ကို အချင်းချင်း အပြန်ပြန်အလှန်လှန် ဖြည့်ဆည်းနိုင်ရေး ဒေသဆိုင်ရာ အေဂျင်စီများ အချင်းချင်း အားပေးထောက်ပံ့သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ယင်းမှာ တိုင်းပြည်အတွင်း ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်ပဈေးကွက်များတွင်လည်း ယှဉ်ပြိုင်ရောင်းဝယ်မှုများ၊ ကုန်သွယ်မှုများ တိုးတက်လာစေရန် စီးပွားရေးဝန်းကျင်ကောင်းများကိုလည်း ဖန်တီးဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် MSME များလုပ်ငန်း စတင်ထူထောင်နိုင်ရန်နှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို အတတ်နိုင်ဆုံး နိုင်ငံတော်မှ ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ယခုအစည်းအဝေးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်နေ့မှစ၍ နိုင်ငံတော်မှ ရန်ပုံငွေထောက်ပံ့မှု ၁၇၀ ဘီလီယံအတွက် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့်လုပ်ငန်း၊ နိုင်ငံ၏ပို့ကုန်ဝင်ငွေတိုးတက်စေသည့်လုပ်ငန်း၊ လုပ်ငန်းအတွင်း စွန့်ပစ်ရေဆိုးများ ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင် အန္တရာယ်ကျရောက်မှုမှ ကင်းဝေးစေရန် ဆောင်ရွက်မည့်လုပ်ငန်း၊ စွမ်းအင်ချွေတာရေးလုပ်ငန်း၊ ပြည်သူအများစု အလုပ်အကိုင်ရရှိရေး ဖန်တီးပေးနိုင်သည့်လုပ်ငန်း၊ သွင်းကုန်အစားထိုးလုပ်ငန်း၊ ဒေသထွက်ကုန်ကြမ်းကို အခြေခံသောထုတ်လုပ်မှုလုပ်ငန်းနှင့် ပြည်သူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရေး မြှင့်တင်သည့်လုပ်ငန်း စသည့် လုပ်ငန်းနယ်ပယ်(၈)ရပ်အပေါ် အခြေခံပြီး ချေးငွေထုတ်ချေးနိုင်ရေးကိုလည်း လိုအပ်သည့် စံသတ်မှတ်ချက်များ၊ SOP များနှင့် ပတ်သက်ပြီး မူကြမ်းရေးဆွဲထားမှုအပေါ် ယခုအစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေးကာ MSME ဗဟိုကော်မတီဥက္ကဋ္ဌထံမှုအားဖြင့် အတည်ပြုနိုင်ရေးကိုလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် လိုအပ်သည့် အရင်းအနှီးများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅) ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁) ခုတို့အတွက် ငွေကျပ် (၁၅၂) ဘီလီယံ ပေးအပ်ထားမှုအပေါ် သက်ဆိုင်ရာဝန်ကြီးချုပ်များ၊ ဒေသဥက္ကဋ္ဌများက MSME လုပ်ငန်းများအတွက်ချေးငွေများကို လိုအပ်သလိုစိစစ်ပြီး ထုတ်ချေးပေးလျက်ရှိသည်ကို သိရှိရပါကြောင်း။

### အကျိုးရလဒ်များ ရရှိနိုင်

ယခင်လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် တိုင်းဒေသကြီး/ပြည်နယ် အလိုက် အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အဖြစ် သတ်မှတ်ပြီး အားပေးမြှင့်တင်နိုင်ရန် လုပ်ငန်းအစီအမံများ ရေးဆွဲတင်ပြပေးကြရန် မှာကြားထားပြီးဖြစ်ကြောင်း၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များကလည်း မိမိတို့၏ OROP ဆိုင်ရာ အစီအစဉ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အားသာချက်/ အားနည်းချက်များကိုလည်း ယခုအစည်းအဝေးတွင် ဆွေးနွေးကြရန်နှင့် အဆိုပါ OROP အစီအစဉ်များနှင့် စက်မှုချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရေး (Industrial Linkage Promotion Plan) များကို **"ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်ရရှိစေရန်"** ဆိုသည့် အချက် (၃)ချက်ကို ရည်ရွယ်၍ MSME အားပေးမြှင့်တင်ရေးအစီအစဉ်များနှင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့မြန်မာ့ MSME များ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ နိုင်ငံခြားသုံးငွေ လျှော့ချနိုင်ခြင်းနှင့် ပို့ကုန်များ တိုးမြှင့်ထုတ်လုပ်လာနိုင်ပြီး နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာခြင်းစသည့် အကျိုးရလဒ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ အချက် (၃)ချက်ကို ရည်ရွယ်ပြီး MSME များကို အားပေးမြှင့်တင်ပေးရေး ဆောင်ရွက်ရာတွင် သေချာသည့် ကုန်ကြမ်း၊ လိုအပ်သည့် သွင်းအားစု၊ နည်းပညာ၊ ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးမှုနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အခြေခံအုတ်မြစ်သဖွယ် အလေးထား စီမံပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊ တင်ပြရန် ကျန်ရှိနေသေးသည့် တိုင်းဒေသကြီး (၃) ခုနှင့် ပြည်နယ် (၂)ခုတို့မှ အေဂျင်စီများကလည်း အမြန်ဆုံး မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်မည့် အစီအမံများကိုတင်ပြရန် လိုအပ်ပါကြောင်း၊ MSME အဓိက ကဏ္ဍဖြစ်သည့် ကုန်ကြမ်း၊ နည်းပညာ၊ အရင်းအနှီးများ မည်မျှပင် ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်စေကာမူ လူ့စွမ်းအားအရင်းအမြစ် အားနည်းနေပါက MSME လုပ်ငန်းများ လျင်မြန်စွာ အရှိန်အဟုန်ဖြင့် အောင်မြင်နိုင်ရန် ခက်ခဲနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကမောင်းနှင်အားဖြစ်သည့် အေဂျင်စီများက ဂရုပြုပံ့ပိုး စီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးရာတွင်လည်း MSME များ အမှန်တကယ် လိုအပ်သည့် ကျွမ်းကျင်လုပ်သားများကို TVET အစီအစဉ်များဖြင့် မွေးထုတ်ပေးခြင်းနှင့် ခေတ်နှင့်အညီ လိုအပ်လာသည့် ကျွမ်းကျင်မှုများ တတ်မြောက်လာစေရန် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဆက်စပ်သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးရေးအစီအစဉ်များ ဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ MSME လုပ်ငန်းရှင်များ အဓိကလိုအပ်ချက်ဖြစ်သည့် မဖြစ်မနေ ဆောင်ရွက်သင့်သည့် ဒစ်ဂျစ်တယ် နည်းပညာများကို ပိုမိုဆောင်ရွက်နိုင်ရေးအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ဆောင်ရွက်နေသည့် MSMEs Upskilling and Reskilling Digital Capacity Development Forum နှင့် 5 Days Hybrid Training Program of Digital Upskilling and Reskilling for Mekong-Lancang MSME လုပ်ငန်းများ၊ MSMEနှင့် ဆက်စပ်ဝန်ကြီးဌာန (၁၀) ခုဖြစ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနများက သင်တန်းအမျိုးပေါင်း (၂၆၀) ကို သင်တန်းအကြိမ် (၃၆၇၅)ကြိမ်၊ သင်တန်းသားပေါင်း (၁၉၈၄၆၀) ဦးတို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး တက်ရောက်ဆဲ သင်တန်းသား၊ သင်တန်းသူ (၉၄၁)ဦး ရှိပါကြောင်း၊ ယင်းမှာ MSME လုပ်ငန်းကော်မတီမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးသည့် အချက်တစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းခွင် လေ့ကျင့်ပေးမှု၊ ကျွမ်းကျင်မှုအစီအစဉ်အရ လုပ်ငန်းကော်မတီ၏ အေဂျင်စီက ဦးဆောင်ပြီး စားသုံးဆီများ သန့်စင်ရေး Refinery နည်းပညာ ပံ့ပိုးရေးသင်တန်း၊ ပိတ်သားမှ နူးညံ့အောင် ပေါင်းခံခြင်း အလုပ်ရုံ ဆွေးနွေးပွဲ သင်တန်းများကို (၇)ကြိမ်၊ သင်တန်းသား သင်တန်းသူ (၇၃၀)ဦးတို့ကို လက်တွေ့လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း၊ အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများမှာ အဆင့်မြင့်ပညာရပ် ဆက်လက်မသင်ကြားနိုင်ခြင်း၊ သင်ယူလိုမှုအခြေအနေ မရှိတော့သည့် လူငယ်များကို လုပ်ငန်းခွင်ကျွမ်းကျင်မှု ရရှိရေးအတွက် အနိမ့်ဆုံး KG+ 9 အောင်မြင်ပြီးသူများကို ခရိုင် (၅၁)ခရိုင်တွင် ကျောင်းပေါင်း (၅၁) ကျောင်းဖွင့်လှစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအတတ်ပညာသင်တန်းများကို ယခုနှစ်မှ စတင်ပြီးသင်ကြားပေးခဲ့ရာသင်တန်းသား သင်တန်းသူ ၄၈၈၄ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ စက်မှုဘာသာရပ်တွင် သင်တန်းသား သင်တန်းသူ ၃၀၅၅ ဦး၊ စိုက်ပျိုးရေးဘာသာရပ်တွင် ၁၀၇၄ ဦး၊ မွေးမြူရေးဘာသာရပ်တွင် ၇၅၅ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ယခုထက် ပိုမိုသင်တန်းများ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း။

### အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပြီး နိုင်ငံအတွက် လိုအပ်သည့် ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာ လမ်းညွှန် မှာကြားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့် အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ခံခြင်း၊ တာဝန်ယူခြင်းတို့ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကာ MSME ကဏ္ဍ လျင်မြန်စွာအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ကဖတ်ကြားတင်ပြကြသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ထုတ်ချေးထားသည့် ငွေကြေးဆိုင်ရာ အချက်အလက်များနှင့် ချေးငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSMEလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်တွက် ကော်မတီများဖွဲ့စည်းကာ မူဝါဒဆိုင်ရာ လမ်းညွှန်ချက်များ၊ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ၊ အေဂျင်စီများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ MSME လုပ်ငန်းများ အပါအဝင် ပုဂ္ဂလိကကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိက လိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ် စသည့်အချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အဆင့်မြင့်ဒစ်ဂျစ်တယ် နည်းပညာများ အသုံးပြုပြီး အရည်အသွေးမီ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ MSME ထုတ်ကုန်များ အွန်လိုင်းစနစ်ဖြင့် ရောင်းချနိုင်ရေးအတွက် E- Market Place for Myanmar Products Platformကို တည်ထောင်ပေးထားပြီး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒေသဆိုင်ရာအေဂျင်စီများအနေဖြင့် Digital Transformation တွင် လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်သည့်အခြေအနေများနှင့် MSME လုပ်ငန်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ လတ်တလော ဆောင်ရွက်ချက်များကို MSME Web-portal တွင် လွှင့်တင်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးထွန်းအုံနှင့် ဒေါက်တာ မျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ ပညာရှင်များက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၃) ကျင်းပ

## လူငယ်များနှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၂၅**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၃) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာ ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ဒုတိယဝန်ကြီး/ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြသည်။

### ခြိမ်းခြောက်အန္တရာယ်ပြု

ဦးစွာမူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာနှင့်အဝန်း လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသော ပြဿနာတစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့သည် လွန်စွာအရေးကြီးပါကြောင်း။

မူးယစ်ဆေးဝါးမှုခင်းများသည် လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု၊ ငွေကြေးခဝါချမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွှယ်ဖြစ်ပွားနေပြီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်နှောင့်ယှက်မှုများ ဖြစ်ပေါ်နေသည့်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းကို အထူးအလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်ကို လမ်းညွှန်မူဘောင်အဖြစ် အသုံးပြုပြီး နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် မိမိဒေသနှင့်ကိုက်ညီမည့် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သည်များကို ထိထိရောက်ရောက် ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများမှာ အဓိကခြိမ်းခြောက်နေသည့်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထူးစစ်ဆင်ရေး ၃၈ ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 39 ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်းပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်အထိ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေးပြား၊ အိုက်စ်၊ ကက်တမင်း၊ အက်တက်စီ ဆေးပြား၊ Happy Water အပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၀၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၈၁ သန်းကျော်) ဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂ အပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော UNODC၊ AFP၊ DEA၊ NNCC၊ ONCB တို့နှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ကြိုတင်ကာကွယ် တိုးမြှင့်ဆောင်ရွက်

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး မူဝါဒသစ် (New Drug Policy) နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တားဆီးနှိမ်နင်းရေး ဆောင်ရွက်နေရုံဖြင့် မပြည့်စုံဘဲ မိမိတို့ဌာနများအနေဖြင့် တက်ကြွစွာပူးပေါင်းပါဝင်ပေးကြရန်နှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း၌ ဆောင်ရွက်လျက်ရှိသည့် စီမံချက်ပါလုပ်ငန်းများ မိမိတို့လုပ်ငန်းအဖွဲ့များအလိုက် ချမှတ်ထားသည့်တာဝန်များကို အလေးထားလိုက်နာဆောင်ရွက်ပေးကြရန်နှင့် အထူးသဖြင့် လူငယ်များနှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူးက မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကြိုးပမ်းချက်အပေါ် သုံးသပ်တင်ပြခြင်း၊ တွဲဖက်အတွင်းရေးမှူးက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများတင်ပြခြင်း၊ တက်ရောက်လာသူများက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လိုအပ်ချက်/အကြံပြုချက်များ တင်ပြခြင်းများ ဆောင်ရွက်ပြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြုကြီးကြပ်စစ်ဆေးခြင်း သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြုကြီးကြပ်စစ်ဆေးခြင်း (AML/CFT Risk Based Supervision) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။



အခမ်းအနားတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ကြီးကြပ်ရေးအာဏာပိုင်များအနေဖြင့် မိမိတို့ကဏ္ဍအလိုက် AML/CFT ဆိုင်ရာ ကြီးကြပ်စစ်ဆေးခြင်းများ ပြုလုပ်ရာတွင် နိုင်ငံတကာစံသတ်မှတ်ချက်ဖြစ်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြု အကဲဖြတ်ချက်နည်းလမ်း (Risk Based Approach) ဖြင့် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ Risk များအား အကဲဖြတ်ရာတွင် Prudential Risk Assessment နှင့် AML/CFT Risk Assessment ဟူ၍ နှစ်မျိုးရှိကြောင်း၊ ယခုသင်တန်းတွင် AML/CFT ဆိုင်ရာ Risk Assessment ပိုင်းကို ပို့ချသွားမည်ဖြစ်ကြောင်း၊ သတင်းပို့အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များ တောင်းခံစိစစ်သည့် ရုံးထိုင်စစ်ဆေးခြင်း (Off–site) နှင့် အဆိုပါစစ်ဆေးချက်များအရ Rating သတ်မှတ်၍ ဦးစားပေးစိစစ်ရန် လိုအပ်သည့် သတင်းပို့အဖွဲ့အစည်းစာရင်းကို ပြုစုပြီး ကွင်းဆင်းစစ်ဆေးခြင်း (On–site) ဟူ၍ ဆောင်ရွက်ရကြောင်း၊ ကြီးကြပ်ရေးအာဏာပိုင်များက ယခုသင်တန်းတွင် ဆွေးနွေးမည့် ဆုံးရှုံးနိုင်ခြေ အကဲဖြတ်ချက် (Risk Assessment) နည်းလမ်းများအပေါ် အခြေခံပြီး မိမိတို့ကဏ္ဍအလိုက် ကြီးကြပ်စစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြုကြီးကြပ်စစ်ဆေးခြင်း (AML/CFT Risk Based Supervision) သင်တန်းတွင် ကြီးကြပ်ရေးအာဏာပိုင် ခုနစ်ဖွဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ AML/CFT ဆိုင်ရာ Offsite နှင့် Onsite ကြီးကြပ်စစ်ဆေးမှုများကို မိမိတို့လက်တွေ့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအတွေ့အကြုံများဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာရှိကြီးများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး) နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစာရင်းကောင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သင်တန်းသား ရှစ်ဦး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သင်တန်းသား ၃၄ ဦး၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ သင်တန်းသား သုံးဦး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကော်မရှင်ရုံးမှ သင်တန်းသား တစ်ဦး၊ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနမှ သင်တန်းသား နှစ်ဦး၊ မြန်မာနိုင်ငံ စာရင်းကောင်စီမှ သင်တန်းသား နှစ်ဦး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ သင်တန်းသား နှစ်ဦး စုစုပေါင်းသင်တန်းသား ၅၂ ဦး တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။





ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဘော်လီဘော အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ အားကစားသမား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ဘော်လီဘောအားကစားနည်းကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှား ကစားကြစေရေးတို့အတွက် ရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ဘော်လီဘော အားကစားနည်းသည် နည်းစနစ်ကို အခြေခံ၍ အားကစားသမား တစ်ဦးချင်း၏ ကျွမ်းကျင်မှု၊ လျင်မြန်ဖြတ်လတ်မှု၊ သက်လုံနှင့် ကြံ့ခိုင်မှုပြည့်ဝရန် လိုအပ်သည့်အပြင် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိပြီး အပေးအယူမျှတစွာ ယှဉ်ပြိုင်ရသည့် အားကစားနည်းဖြစ်သည့်အတွက် အားကစားသမား တစ်ဦးချင်းရောအသင်းလိုက်ပါ လေ့ကျင့်မှုပြည့်ဝရန်လိုအပ်ကြောင်း၊ ဘော်လီဘော အားကစားနည်းသည် နိုင်ငံအတွက် ရွှေတံဆိပ်ဆုများ ရယူပေးနိုင်ခဲ့ပြီး အောင်မြင်မှုအစဉ်အလာကောင်းများရှိခဲ့သည့် အားကစားနည်းဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲများမှတစ်ဆင့် မျိုးဆက်သစ်အားကစားသမားများကို ဖော်ထုတ်၍ မြန်မာ့ဘော်လီဘော အားကစားနည်း ပြန်လည်ဦးမော့လာစေရေး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ အားကစားသမားများ အနေဖြင့် ပြိုင်ပွဲတွင် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အသန့်ရှင်းဆုံး ယှဉ်ပြိုင်ကြရန်နှင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားပြီး ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့က ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များသည် ဘော်လီဘော အမျိုးသားပြိုင်ပွဲ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ (ဝဲပုံ)

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော ပြိုင်ပွဲကို အောက်တိုဘာ ၂၅ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း၊ အားကစားသမား စုစုပေါင်းအင်အား ၄၁၈ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် အားကစားကို စိတ်ပါဝင်စားသည့် ပြည်သူများ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲနေ့ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

## ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၆၀၁ တွဲရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။



နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ အတွင်းဘက်နှင့် အပြင်ဘက်တို့တွင် သတ်မှတ်နေရာများအလိုက် ခင်းကျင်း ပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ တွဲကို နေ့ရက်အလိုက် အိတ်ဖွင့်တင်ဒါစနစ် ဖြင့် ရောင်းချခြင်းဖြစ်ပြီး ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ ၇၅၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၆၀၁ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၇၅၃ တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်စိမ်းအတွဲပေါင်း ၇၅၃ တွဲ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့်ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချသည့် ပုလဲအတွဲပေါင်း ၃၀၀ ကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၀၀ ရောင်းချပေးနိုင်ခဲ့ပြီး ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက် ၇၃ တွဲကို ရောင်းချနိုင်ခဲ့ကာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ၇၀၂ တွဲကို ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ကျန်ရှိနေသည့်ကျောက်စိမ်းတွဲများကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၂၈ ရက်အထိ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**



# ကျောက်တော်မြို့နယ်၌ စပါးဖျက်ပိုးများ ကာကွယ်နှိမ်နင်းနည်း တောင်သူပညာပေးသင်တန်းနှင့် စူပါအီးအမ်ဘိုကာရှီ ပြုလုပ်နည်းသရုပ်ပြပွဲပြုလုပ်

**ကျောက်တော် အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စပါးသီးနှံတွင် ကျရောက်ပျက်စီးတတ်သောဖျက်ပိုးများ ကာကွယ်နှိမ်နင်းနည်း တောင်သူပညာပေးသင်တန်းနှင့် စူပါအီးအမ်ဘိုကာရှီ ပြုလုပ်နည်းသရုပ်ပြပွဲကို ယမန်နေ့က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်ဝင်းက မိမိတို့အနေဖြင့် တောင်သူများနှင့် ဌာနဆိုင်ရာများအကြား လုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြစ်ပြီး တောင်သူများ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရာ၌ ဖျက်ပိုးအန္တရာယ်များကြောင့် သီးနှံများ အထွက်နှုန်းမကျဆင်းစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် နည်းပညာ ရပ်များအား တောင်သူများ လိုက်နာကျင့်သုံးလာစေရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းအေးခိုင်ကသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယမြို့နယ်လက်ထောက်ဦးစီးမှူး ဦးကျော်မိုးအောင်က စပါးသီးနှံတွင်ဖျက်ဆီးတတ်သော ဖျက်ပိုးများအကြောင်းနှင့်ကာကွယ်နှိမ်နင်းရမည့် နည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် အဆိုပါသင်တန်းသို့ တက်ရောက်လာသော တောင်သူများအား ဓာတ်မြေဩဇာလျှော့နည်းသုံးစွဲရေးနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနိုင်ရေးအတွက် စူပါအီးအမ်ဘိုကာရှီ ပြုလုပ်သုံးစွဲနည်းသရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက လက်တွေ့သရုပ်ပြပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ထွန်း (ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့နယ်ရှိ လမ်း၊ တံတား၊ ရေကျော်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဌာနမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်း၊တံတား၊ ရေကျော်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၂၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်ထွေး၊ နှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက မြို့နယ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်း၊ တံတား၊ ရေကျော်များကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၄၀ ဒသမ ၉၅၁ သန်းဖြင့် လမ်းနှစ်လမ်း၊ ရေကျော်လေးစင်းနှင့် Box Culvert နှစ်စင်း ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ရေကျော်တစ်စင်းနှင့် Box Culvert တစ်စင်းမှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# (၇၆)နှစ်မြောက် လွှတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွှတ်လပ်ရေး နေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် လွှတ်လပ်ရေးနေ့ ဧည့်ခံ ပွဲနှင့် ညစာစားပွဲ ကျင်းပရေး ဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးကို လွှတ်လပ် ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြား ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေ၊ ဆပ်ကော်မတီ ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာန များမှ တာဝန်ရှိသူများ တက် ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများ (၇၆) နှစ်မြောက် လွှတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲအောင်မြင်စွာ ကျင်းပ နိုင်ရေးအတွက် ဆပ်ကော်မတီ အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လွှတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရမည့် အချက်များ၊ ဆပ်ကော်မတီ အတွင်း ညှိနှိုင်းဆောင်ရွက်ရန် ရှိသည့် ကိစ္စရပ်များကို ကဏ္ဍ အလိုက် အသီးသီးရှင်းလင်း တင်ပြကြရာ လွှတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) သင်တန်းအမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၁၆) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ် လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ် ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုး များ တက်ရောက်ခဲ့ကြသည်။

## တာဝန်ပေးခန့်အပ်သွားမည်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း ဂုဏ်ပြုအမှာ စကားပြောကြားရာ၌ ယခုအချိန်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုး တိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန အနေ ဖြင့် မဟာဗျူဟာ၊ မူဝါဒ၊ ရည်မှန်းချက်များ ချမှတ်၍ ထိရောက်အောင်မြင် စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟို ကော်မတီ၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) တွင် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ **“ဒီဂရီကျောင်းဆင်း ကျောင်းသား ကျောင်းသူများအား မိမိဒေသအုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုး ရေးအတွက် MSME လုပ်ငန်းများတွင် ဦးဆောင်ပါဝင် ဆောင်ရွက်စေရန်”** ဟူသော လမ်းညွှန်မှာကြားချက်အရ သင်တန်းဆင်းမောင်တို့ မယ်တို့ကို အဆိုပါလမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန လေးခုဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့တွင် တာဝန်ပေးခန့်အပ်သွားမည်ဖြစ်ပါကြောင်း၊ နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လာနိုင် သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ ပိုမိုရရှိလာပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု များ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်ပြီး အရေးကြီးသည့်အခန်းကဏ္ဍတစ်ခု ဖြစ်ပါကြောင်း၊၊

ထို့ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၌ တိုင်းရင်းသား လူငယ်များ ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် ထူးချွန်ထက်မြက် သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ ကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့ကို တည်ထောင်ဖွင့်လှစ်သင်ကြား ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့ထိ ဝိဇ္ဇာဘွဲ့ ၄၂၁ ဦး၊ သိပ္ပံဘွဲ့ ၇၇၄ ဦး၊ B-Tech ၁၃၉ ဦး၊ အင်ဂျင် နီယာဒီပလိုမာ ၇၁၈ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၀၅၂ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ မဟာဝိဇ္ဇာဘွဲ့ ၇၈ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၈၁ ဦး၊ BE ၅၁၁ ဦး၊ ME ၂၂ ဦး၊ B-Teah ၂၀၇ ဦး ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ သင်တန်းဆင်းမောင်တို့ မယ်တို့အနေဖြင့် အဆိုပါ အောင်မြင်မှုများကို အတုယူ ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊၊

သင်တန်းဆင်းမောင်တို့ မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြား ချက်များကို တိတိကျကျလိုက်နာကျင့်ကြံနေထိုင်ကာ နိုင်ငံ့ဝန်ထမ်းများ ၏ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ အဂတိတရား လေးပါး ကင်းရှင်းပြီး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစွာဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် မိမိတို့ကျရာအခန်းကဏ္ဍအသီးသီးတွင် ပေးအပ်သောတာဝန် ဝတ္တရားများကို စေတနာထားပြီး တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ဖွဲ့၊ လုံ့လဝီရိယ၊ ကျွမ်းကျင်မှု၊ လေ့လာဆည်းပူးမှုများဖြင့် ကြိုးစားကျင့်ကြံ၍ နိုင်ငံတော်မှ အားကိုးအားထားပြုရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာ အောင် နေထိုင်လုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားတစ်ဦးနှင့် သိပ္ပံဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားတစ်ဦး တို့ကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ဝန်ကြီးဌာန လေးခုမှ ကိုယ်စား လှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၁၇၂ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော် များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်၍ ထူးချွန် ကျောင်းသားများနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံကာ ဂုဏ်ပြု အားပေးစကား ပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီဂရီကောလိပ် အတွင်း သာယာလှပရေးနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ စိုက်ပျိုး မွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သို့ ရောက်ရှိ ပြီး တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တင်ပြသည့်အုပ်ချုပ်ရေး၊ စီမံခန့်ခွဲ ရေး၊ သင်ကြားရေးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းပိတ်ရက်ကာလအတွင်း ဖွင့်လှစ်သင်ကြားလျက် ရှိသည့် ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ စိုက်ပျိုး/မွေးမြူရေး၊ စက်မှုလက်မှု၊ ဂီတ၊ အိမ်တွင်းမှု၊ ဘာသာရပ်ဆိုင်ရာသင်ပြနည်း သင်တန်းများအား လိုက်လံကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများအား ရင်းရင်း နှီးနှီးနှုတ်ဆက်အားပေးသည်။ ယင်းနောက် ကျောင်းဝင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် သာယာလှပရေး၊ အားကစားကွင်းနှင့် အားကစား ရုံများ အဆင့်မြှင့်တင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) အမှတ်စဉ်(၁၆)သင်တန်းဆင်းကျောင်းသား ကျောင်းသူများကိုဘွဲ့နှင်းသဘင် ခန်းမ၌ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံခဲ့ပြီး ကျောင်းသား ကျောင်းသူ များ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေ နှင့် ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆက်လက်ကျင်းပ





ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ မဟောသဓာဇာတ်တော်ကြီးတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု မဟောသဓာဇာတ်တော်ကြီးအဖွဲ့၏ ဆို၊ ငို၊ ပြော ရသမြောက်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များ၏အဆင့် သတ်မှတ်ချက်များအနေဖြင့် ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)တို့ကို ပြိုင်ပွဲအဆင့်များအဖြစ် သတ်မှတ်ထားသည်။

ယနေ့တွင် **"မဟာဂီတ"တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Banquet Hall ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းရွှေ့လယ်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဇေယျာအောင်သံ" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**"ကာလပေါ်" တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူချွန်လူကောင်း" သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ပျံသန်းရမည့်နေ့" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဆုတောင်းပတ္တနာ" သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**၏သီချင်းသံစဉ် ထည့်သွင်းလေ့ကျင့်သီဆိုခြင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝါကျွတ်အခါမီတူရာသီ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ သံစဉ်ထည့်သွင်းလေ့ကျင့်သီဆိုကြသည်။

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ

*စာမျက်နှာ ၁၁ သို့*



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား မဟာဂီတတေးသီချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်၏ သီဆိုယှဉ်ပြိုင်မှု။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး အကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်၏ ကပြယှဉ်ပြိုင်ဟန်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အရေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်၏ သီချင်းသံစဉ် ထည့်သွင်းလေ့ကျင့်သီဆိုမှု။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) စောင်းအတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်တီးခတ်မှု။

*စာမျက်နှာ ၁၀ မှ*

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဒီပါအေးမြ"(ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နန်းသီဟိုဠ်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ကန္တာတောခြေ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။





ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဧရာလှိုင်းရုပ်စုံသဘင်အဖွဲ့၏ တင်ဆက်ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**စောင်းအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆဒ္ဒန်အိုင်သာ" (သီချင်းခံ) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်ချာမြေကို" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းဆန်းသဉ္ဇာကြာညောင်"(ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းဆန်းသဉ္ဇာကြာညောင်"(ယိုးဒယား) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**အိုးစည်အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။




ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအဖွဲ့၏ တီးမှုတ်ယှဉ်ပြိုင်မှု။

**ဆိုင်းဝိုင်းကြီးအဖွဲ့အလိုက် အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ဧရာလှိုင်းရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့်အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "မဟော်သဓာ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ရန်ကုန်တိုင်းဒေသကြီး မဟော်သဓာဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

*စာမျက်နှာ ၁၂ သို့*



ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး ကာလပေါ်တေးသီချင်းပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်၏ သီဆိုယှဉ်ပြိုင်မှု။



ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား အကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်၏ ကပြယှဉ်ပြိုင်ဟန်။

# ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ရွှေယဉ်မျှော်ပြည်တော်ဇ စေတီတော် (၇၄)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူ

ဘားအံ အောက်တိုဘာ ၂၅

**ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတွင် စာသင်၊ စာချ သီတင်းသုံးနေထိုင်တော်မူသော ဆရာတော်၊ သံဃာတော်၊ သာမဏေနှင့် သီလရှင်များ ဆွမ်းကိစ္စခက်ခဲပင်ပန်းမှုမရှိစေရေးနှင့် ပစ္စည်းလေးပါး အဆင်ပြေစေရေး၊ ထေရဝါဒဗုဒ္ဓသာသနာတော်ကို အထောက်အပံ့ဖြစ်စေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ရွှေယဉ်မျှော်ပြည်တော်ဇစေတီတော်၏ ဆွမ်းဆန်တော်လောင်းလှူပွဲကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုအခါ(၇၄)ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။**

ရွှေယဉ်မျှော်ပြည်တော်ဇ စေတီတော်၏ (၇၄) ကြိမ်မြောက်မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို သီတင်းကျွတ်လဆန်း ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပရာ ယနေ့နံနက်က ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံမြို့ပေါ် ရပ်ကွက်/ကျေးရွာများမှ စေတနာရှင်ပြည်သူများက ဘားအံမြို့ အမှတ်(၂) ရပ်ကွက် စေတီတော်တည်နေရာမှစတင်၍ ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၄၅ ကျောင်းနှင့် သီလရှင်ကျောင်း ၁၂ ကျောင်းတို့မှ ဆရာတော်၊ သံဃာတော်၊ သာမဏေ၊ သီလရှင် ၂၃၁၂ ပါးတို့အား ဆွမ်းဆန်တော်၊ ခေါက်ဆွဲခြောက်၊ တိုင်းရင်းဆေးအမျိုးမျိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းလောင်းလှူပူဇော်ကြသည်။ **(ယာပုံ)**

**ဆွမ်းဆန်တော်အလှူခံ**

ထို့သို့ ဆွမ်းဆန်တော်လောင်းလှူနေမှုအား ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ကြွရောက်ချီးမြှင့်တော်မူသော ဆရာတော်၊ သံဃာတော်၊ သာမဏေ၊ သီလရှင်များသည် မြို့ပေါ်ရပ်ကွက်များသို့လည်း သုံးရက်တိုင်တိုင် ဆွမ်းဆန်တော်အလှူခံကြွရောက်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



*စာမျက်နှာ ၁၁ မှ*

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးလုပ်ငန်းများနှင့် ပြိုင်ပွဲဝင်များ အဆင်ပြေချောမွေ့စေရေးအတွက် အထောက်အကူပြုဆပ်ကော်မတီများကို ဖွဲ့စည်း၍ ပြိုင်ပွဲဝင်များ၊ နည်းပြများနှင့် အုပ်ချုပ်သူများ၏ သွားလာရေး၊ တည်းခိုနေထိုင်ရေး၊ ညှော့ခံကျွေးမွေးရေး၊ ကျန်းမာရေး၊ ပြိုင်ပွဲနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်ရရှိရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လူသုံးကုန်ပစ္စည်းဆိုင်၊ အဆာပြေအစားအစာဆိုင်၊ ဆံသဆိုင်၊ အလှပြင်ဆိုင်နှင့်ဗဟုသုတရေးရာ စာအုပ်ဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်၏ တီးခတ်ယှဉ်ပြိုင်မှု။



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်အဖွဲ့၏ မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်တီးခတ်မှု။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဒုတိယအကြိမ်မြောက်ကျင်းပသည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ၊ ခမ်းနားစွာ၊ စိတ်အေးချမ်းမြေ့စွာ ကျင်းပယှဉ်ပြိုင်နိုင်ရေးအတွက် နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးပညာညီလာခံ (၂၀၂၃)

Quality Dental Care for Community

"အရည်အသွေးပြည့်..... သွားကျန်းမာရေး ပြည်သူ့ထံသို့ ဆောင်ကြဉ်းပေး"

၃ ရက် – ၄ ရက်၊ နိုဝင်ဘာလ

MICC II, နေပြည်တော်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

❒ *ကျော်ဖုံးမှ*

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်ပြီး တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

ယခုသတင်းသည် အားအလွန် ကောင်းသော ဆိုင်ကလုန်း မုန်တိုင်း "ဟာမွန်း" အတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်း ဖြစ်သည်။ **မိုး/ဇလ**

● *ကျော်ဖုံးမှ*

နောက်တစ်ဆင့် တက်ရေးအတွက် မဖြစ်မနေနိုင်ပွဲရရှိရန် လိုအပ်နေသည့် မန်ယူအသင်းသည် ယခုပွဲစဉ်တွင် ခံစစ်ကစားသမား မက်ဂွိုင်းယားနှင့် ဂိုးသမား အိုနာနာတို့ ပုံစံကောင်းပြသနိုင်ခဲ့သည်။

**အနိုင်ဂိုးသွင်း**

မန်ယူနောက်တန်း ကစားသမား မက်ဂွိုင်းယားက ပွဲချိန် ၇၂ မိနစ်တွင် မန်ယူအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ခေါင်းတိုက် သွင်းယူပေးနိုင်ခဲ့သလို အိုနာနာက နာကျင်အချိန်ပိုတွင် ကိုပင်ဟေဂင်မှ လူစားဝင်ကစားသမား လာဆင်၏ ပယ်နယ်တီ ကန်သွင်းချက်ကို ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သည်။

**ဖိအားပေးကစား**

အဆိုပါ ခေါင်းတိုက်သွင်းဂိုးသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မက်ဂွိုင်းယား၏ ဒုတိယမြောက် သွင်းဂိုးလည်းဖြစ်သည်။ မန်ယူအသင်းသည် အစောပိုင်းပွဲချိန်များတွင် ပြိုင်ဘက် ကိုပင်ဟေဂင်အသင်း၏ ထိန်းချုပ်ကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် သိသိသာသာ ဖိအားပေးကစားလာနိုင်ခဲ့သည်။

**မန်ယူတစ်ပွဲနိုင်**

အဆိုပါနိုင်ပွဲကြောင့် မန်ယူအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သုံးပွဲကစားပြီး တစ်ပွဲနိုင်ကာ နှစ်ပွဲရှုံးရလဒ် ရရှိထားသည်။ ကိုပင်ဟေဂင်အသင်းက ယခုပွဲ ရှုံးနိမ့်မှုကြောင့် တစ်ပွဲသရေနှင့် နှစ်ပွဲရှုံး ရလဒ်ရရှိထားသည်။

**အခြားပွဲရလဒ်များ**

အခြားသော ပွဲစဉ်ရလဒ်များတွင် ဘိုင်ယန်မြူးနစ်အသင်းက ဂါလာတာစရေးကို သုံးဂိုး–တစ်ဂိုး၊ အာဆင်နယ်က ဆီဗီလာကို နှစ်ဂိုး–တစ်ဂိုး၊ ရီးရဲမက်ဒရစ်က ဘရာဂါကို နှစ်ဂိုး–တစ်ဂိုး၊ နာပိုလီက ယူနီယံဘာလင်ကို တစ်ဂိုး–ဂိုးမရှိ၊ ဆိုစီဒက်က ဘင်ဖီကာကို တစ်ဂိုး–ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။ လန်းစ်နှင့် ပီအက်စ်ဗွီအသင်း ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

**အောင်ဇော်**

# နိုင်ငံတော်အစိုးရအနေနဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမြော်အမြင်ကြီးစွာနဲ့ ဆောင်ရွက်ပေးတဲ့အတွက် မျိုးဆက်သစ်အနုပညာရှင်တွေအားလုံးက ဝမ်းမြောက်ဝမ်းသာနဲ့ ပူးပေါင်းပါဝင် ဝင်ရောက်ယှဉ်ပြိုင်နေကြပါပြီ

*ဦးခင်မောင်တင့် (ဥပဒေချုပ် - ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့)*

**အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ၊ မြန်မာ့ရိုးရာအနုသုခုမပညာရပ်များကို ဖော်ထုတ်နိုင်ရန်နှင့် လူငယ်မျိုးဆက်သစ်များကို နိုင်ငံနှင့်လူမျိုး၊ အမျိုးသားယဉ်ကျေးမှုတို့၏ ဂုဏ်သိက္ခာကို တန်ဖိုးထားထိန်းသိမ်းတတ်စေရန် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပလျက်ရှိသည်။**

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းခံစားချက်များကို ဖော်ထုတ်ရေးသား တင်ပြလိုက်ပါသည်-



ဦးခင်မောင်တင့်



ဒေါ်ခိုင်ဝါ



မောင်တိုးပွားအောင်



မနန်းနန္ဒာချမ်းမြေ့



မောင်ဇော်ရဝေထွန်း



မောင်လင်းညီညီခန့်



မနန်းထက်ထက်အောင်



မောင်အေးချမ်းအောင်

**ဦးခင်မောင်တင့် (ဥပဒေချုပ် - ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

ကျွန်တော်က ပဲခူးတိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်မှုအနေနဲ့ အောက်တိုဘာ ၁ ရက်ကနေ ၂၁ ရက်အထိ ပြိုင်ပွဲဝင်တွေကို စခန်းသွင်းလေ့ကျင့်ပါတယ်။ စခန်းသွင်းပြိုင်ပွဲဝင်တွေ ရရှိဖို့အတွက် ဩဂုတ်လကုန်မှာ ခရိုင်အဆင့် ပြိုင်ပွဲတွေကျင်းပခဲ့ပါတယ်။ စက်တင်ဘာလမှာ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတွေ ကျင်းပပြီးတဲ့အခါမှာ ပြိုင်ပွဲဝင် ၂၁၇ ဦး ရရှိပါတယ်။ ပြိုင်ပွဲဝင်တွေကို ပဲခူးမြို့မှာ စခန်းသွင်းလေ့ကျင့်ပြီး ၂၂ ရက်မှာ နေပြည်တော်ကို ရောက်ရှိပါတယ်။ (၂၃)ကြိမ်မြောက် ပြိုင်ပွဲမှာ ပဲခူးတိုင်းဒေသကြီးက အဆင့်(၄)နေရာ ရရှိခဲ့ပါတယ်။ ဒီနှစ်မှာ ပြိုင်ပွဲဝင်အင်အားလည်းများတယ်။ ပြိုင်ပွဲဝင် ဘာသာရပ်တွေလည်း များတဲ့အတွက် ဘာသာစုံဝင်ပြိုင်နိုင်ဖို့ အကောင်းဆုံးကြိုးစားထားကြပါတယ်။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကျင်းပပေးတဲ့အတွက် အလွန်ဝမ်းသာရပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာတွေက ဒီလိုနည်းနဲ့မှ ပြန်လည်ဖော်ထုတ်ခွင့်ရမှာဖြစ်ပါတယ်။ ဒီလိုပွဲကြီးမျိုး မကျင်းပဘူးဆိုရင် မြန်မာ့ယဉ်ကျေးမှုအနုပညာတွေက တိမ်ကောသွားနိုင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမြော်အမြင်ကြီးစွာနဲ့ ဆောင်ရွက်ပေးတဲ့အတွက် မျိုးဆက်သစ်အနုပညာရှင်တွေ အားလုံးက ဝမ်းမြောက်ဝမ်းသာနဲ့ ပူးပေါင်းပါဝင် ဝင်ရောက်ယှဉ်ပြိုင်နေကြပါပြီ။ ဒီပြိုင်ပွဲကြီးဟာ တန်ဖိုးရှိတဲ့ ပွဲကြီးဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးမှာ လူငယ်ဝါသနာရှင်တွေ ရှိပါတယ်။ အဲဒီလူငယ်တွေလည်း ပြိုင်ပွဲဝင်နိုင်အောင် ဆောင်ရွက်နေပါတယ်။ ပညာရှင်လူကြီးတွေက သေသေချာချာ လေ့ကျင့်သင်ကြားပေးကြပါတယ်။ ပညာရှင်တွေက မြေတောင်မြှောက်ပေးတဲ့အတွက် အခုလို ပြိုင်ပွဲဝင်အင်အားများများနဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း ဖြစ်ပါတယ်။

**ဒေါ်ခိုင်ဝါ(အကဲဖြတ်ပညာရှင်)**

ကျွန်မက ကာလပေါ် အဆိုပြိုင်ပွဲမှာ အကဲဖြတ်ပညာရှင်အဖြစ် တာဝန်ယူဆောင်ရွက်ပါတယ်။ ကာလပေါ်အဆိုပြိုင်ပွဲမှာ အသံကောင်းတဲ့ ကလေးတွေ ပါပါတယ်။ ဆရာတွေရဲ့ စနစ်တကျ သင်ကြားပေးမှုအပေါ်မှာ ကြိုးစားပြီး တက်လာတဲ့ ကလေးတွေဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်ကနေ ဒီပြိုင်ပွဲလာတဲ့အခါမှာ အခက်အခဲတွေကြားထဲကနေ ကြိုးစားပြီး လာရောက်ယှဉ်ပြိုင်ကြရတယ်လို့ သိရပါတယ်။ သီဆိုတဲ့အခါမှာလည်း ကြိုးစားကြလို့ ဗဟိုအဆင့်ကို ရောက်လာကြတာဖြစ်တဲ့အတွက် သူတို့ရဲ့ ယှဉ်ပြိုင်မှုတွေဟာ တစ်ဦးနဲ့တစ်ဦး မတိမ်းမယိမ်းတွေပဲ ဖြစ်ပါတယ်။ အလွန်တော်ကြပါတယ်။ ကျွန်မတို့က အသံအနေအထား၊ စာသားအနေအထား၊ စည်းဝါး မှန်ကန်မှုတွေကို ကြည့်ပြီး အမှတ်ပေးပါတယ်။

ဒီပြိုင်ပွဲကြီးကနေတစ်ဆင့် ရွက်ပုန်းသီး အနုပညာရှင်လေးတွေ ပေါ်လာတဲ့အတွက် ကျွန်မတို့အနေနဲ့ ဝမ်းသာရပါတယ်။ မြန်မာတို့ရဲ့ အမျိုးသားရေးယဉ်ကျေးမှုတစ်ရပ်ဖြစ်တဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပတဲ့အခါ တိုင်းရင်းသားပေါင်းစုံက ပြိုင်ပွဲဝင်တွေ ပါဝင်လာပါတယ်။ ဒီပြိုင်ပွဲဝင်တွေက အသံကောင်းကြတယ်။ စည်းဝါးမှန်မှန်လည်း ဆိုတတ်ကြတယ်။ တတ်ကျွမ်းတဲ့ ဆရာ၊ ဆရာမတွေက ထိထိမိမိနဲ့ ပိုပြီး သင်ကြားပေးမယ်ဆိုရင် နောက်ထပ်လည်း ရွက်ပုန်းသီးတွေ အများကြီး ပေါ်ထွန်းလာနိုင်ပါတယ်။ ဒီပြိုင်ပွဲကြီးကို လာရောက်ယှဉ်ပြိုင်ကြတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ နောက်နှစ်တွေမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ပြိုင်ပွဲဝင်တွေ ကြိုးစားပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ လာရောက်ယှဉ်ပြိုင်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**မောင်တိုးပွားအောင် (မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်)**

ကျွန်တော်က အကပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အကပြိုင်ပွဲမှာ သီချင်းသုံးပုဒ် လေ့ကျင့်ရပါတယ်။ ဒီထဲကမှ တစ်ပုဒ်ကို မဲနှိုက်ပြီး ကျရာတစ်ပုဒ်ကို ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ရပါတယ်။ အရင်နှစ်တွေတုန်းကလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယဆု ငွေတံဆိပ်ကို ရရှိခဲ့ပါတယ်။ ဒီနှစ်ကတော့ ရွှေတံဆိပ်ရဖို့ မျှော်မှန်းထားပါတယ်။ အကပညာရပ်ကို စတုတ္ထတန်းကတည်းက စတင်သင်ယူခဲ့ပါတယ်။ နောက်အနုပညာကျောင်းတက်ပြီး အကပညာကို တစိုက်မတ်မတ် လေ့လာသင်ယူ ကပြယှဉ်ပြိုင်နေတာဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် လာမယ့် မျိုးဆက်သစ်တွေ အနုပညာရပ်ကို ပိုမိုလုပ်ဆောင်နိုင်စွမ်းရှိလာပါမယ်။ ယဉ်ကျေးမှု အနုပညာရပ်တွေလည်း မပျောက်ပျက်နိုင်တော့ပါဘူး။ ဒါကြောင့် ပြိုင်ပွဲကျင်းပပေးတာကို ကျေးဇူးတင်ရှိပါတယ်။

**မနန်းနန္ဒာချမ်းမြေ့ (ကရင်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်)**

ကျွန်မက အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး အကပြိုင်ပွဲမှာ ကရင်ပြည်နယ်ကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ပထမဆုံးအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်လို့ စိတ်လှုပ်ရှားမှုတွေရှိပေမယ့် အကောင်းဆုံးယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် အကျိုးကျေးဇူးတွေ အများကြီးရရှိစေပါတယ်။ နောင်လာမယ့် အနာဂတ်မျိုးဆက်သစ် လူငယ်တွေကိုလည်း ဝင်ပြိုင်စေချင်ပါတယ်။ ကျွန်မတို့လို ဝါသနာပါတဲ့ လူငယ်တွေအတွက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲက အရေးပါတဲ့ပွဲကြီး တစ်ပွဲပဲဖြစ်ပါတယ်။

**မောင်ဇော်ရဝေထွန်း (ရှမ်းပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်)**

ကျွန်တော်က အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲမှာ ရှမ်းပြည်နယ်ကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီစန္ဒရားပြိုင်ပွဲကို ပထမဆုံး ဝင်ပြိုင်တာဖြစ်ပါတယ်။ ကျွန်တော်က စန္ဒရားပညာရပ်ကို အသက်၇ နှစ်အရွယ်ကတည်းက လေ့လာခဲ့တာပါ။ ရွှေတံဆိပ်ဆုကိုရအောင် ယူဖို့ မျှော်မှန်းထားပါတယ်။ ကျွန်တော် ဒီပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် အများကြီးကြိုးစားခဲ့ရပါတယ်။ ကျွန်တော်က မြို့နယ်နဲ့ ခရိုင်တွေမှာ ကြိုးစားခဲ့လို့ ရွှေတံဆိပ်ဆုတွေရခဲ့ပါတယ်။ ဗဟိုအဆင့်မှာလည်း ရွှေတံဆိပ်ဆုပဲ မျှော်မှန်းထားပါတယ်။ ဗဟိုအထိ တက်ခွင့်ရလို့လည်း အလွန်ဝမ်းသာမိပါတယ်။

**မောင်လင်းညီညီခန့် (မွန်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်)**

ကျွန်တော်က ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားအကပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ဖို့အတွက် ကြိုးစားလေ့ကျင့်ထားပါတယ်။ အရင်ကလည်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဆုတွေလည်း အများကြီးရထားပါတယ်။ ဒီနှစ်လည်း ရွှေတံဆိပ်ရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အခုလို ပြိုင်ပွဲတွေ ကျင်းပပေးတာ အများကြီး အကျိုးရှိစေပါတယ်။ မျိုးဆက်သစ်တွေကိုလည်း လက်တွဲခေါ်လို့ရသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက အကပညာရှင်တွေ အများကြီးထွက်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် ပြိုင်ပွဲပြုလုပ်ပေးတာကို အများကြီးကျေးဇူးတင်ရှိပါတယ်။

**မနန်းထက်ထက်အောင် (တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်)**

ကျွန်မက အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး အကပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် အများကြီး ကြိုးစားခဲ့ရပါတယ်။ ဗဟိုအဆင့်ရောက်ဖို့အတွက် ဆရာရော ကျွန်မပါ ပင်ပင်ပန်းပန်း ကြိုးစားအားထုတ်ခဲ့ရပါတယ်။ ဒီပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု ရရှိအောင် အကောင်းဆုံးကြိုးစားသွားမှာပါ။ ပြိုင်ပွဲယှဉ်ပြိုင်စဉ်ကာလအတွင်း တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ခွင့်ရတဲ့အတွက် ဝမ်းသာရသလို တနင်္သာရီတိုင်းဒေသကြီးအတွက် ကိုယ်စားပြုခွင့် ရတဲ့အတွက်လည်း ဂုဏ်ယူရပါတယ်။

**မောင်အေးချမ်းအောင် (ရခိုင်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်)**

ကျွန်တော်က အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ စန္ဒရားပြိုင်ပွဲကို ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် ပြိုင်ပွဲစတင်တော့မယ်ဆိုကတည်းက ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ ရွှေတံဆိပ်ဆုရရှိဖို့အထိ မျှော်မှန်းပြီး ကြိုးစားသွားမှာ ဖြစ်ပါတယ်။ စန္ဒရားအတီးကို Grade-2 ကတည်းက လေ့လာခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရလို့ အလွန်ပျော်ပါတယ်။ ပြိုင်ပွဲဝင်ခါနီးရင်တော့ စိတ်လှုပ်ရှားမှုတွေ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက တိုင်းရင်းသားအများကြီးနဲ့ တွေ့ရလို့ အလွန်ဝမ်းသာမိပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ - ကိုအေးသန်း**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း မီးလောင်မှုဖြစ်ပွားရာနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**မော်လမြိုင် အောက်တိုဘာ ၂၅**

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ အမှတ် (၉) အခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ ဦးသာညွှင်းဓမ္မာရုံ နှစ်ထပ်အဆောက်အဦ ယနေ့ နံနက် ၄ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်ရာနေရာသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား အပျက်အစီးများ အမြန်ဆုံး ဖယ်ရှားရှင်းလင်းပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် တွေ့ဆုံ၍ ကျောင်းသူ ကျောင်းသားများ စာသင်ကြားမှု မထိခိုက်စေရေးအတွက် စာသင်ကြားနိုင်ရေး စာသင်ခန်းလုံလောက်မှု ရှိ၊ မရှိနှင့် စားပွဲခုံများ လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ကျောင်းသား ကျောင်းသူများ အရှိန်အဟုန်မပျက် ပညာဆက်လက်သင်ကြားရေးအတွက် ကျောင်းဆောင်သစ် အမြန်ဆောက်လုပ်ရေးနှင့် လောလောဆယ်တွင် ယာယီကျောင်းဆောင်ဆောက်လုပ်နိုင်ရေး အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် တာဝန်ရှိသူများကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြား သည်။

ယင်းနောက် တာဝန်ရှိသူများက မီးလောင်မှုဖြစ်ပွားခဲ့မှုအပေါ် ကျောင်းဆောင်များ ပြန်လည်တည်ဆောက်နိုင်ရေး၊ ကျောင်းသုံးပရိဘောဂများနှင့် အခြားလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြမှုအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်နိုင်(မော်လမြိုင်)**

# ကျောက်တံခါးမြို့နယ် သူဌေးကုန်းဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား မိုင်တိုင်အမှတ်၊ ၁၀၄/၀-၁ ကြား တံတားအမှတ်(၁၄၆)နှင့် (၁၄၇)အနီးရှိ ရထားလမ်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ထပ်မံကျူးလွန်၊ ရထားလမ်းပျက်စီး၍ ခရီးစဉ်များ ကြန့်ကြာမှုဖြစ်ပွားခဲ့

**နေပြည်တော် အောက်တိုဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် အများပြည်သူရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်များဖြစ်သည့် သီတင်းကျွတ်ပွဲတော်ကာလအတွင်း ရထားစီး ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ပုံမှန်ပြေးဆွဲလျက်ရှိသည့် ရထားများအပြင် ရန်ကုန် - နေပြည်တော်၊ ရန်ကုန် - မန္တလေး၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-ပုဂံ အထူးရထားများကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် သူဌေးကုန်းနှင့် ပိန်းဇလုပ် ဘူတာအကြား ရထားလမ်း။



PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ရထားလမ်းအား မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်ပြင်ဆင်နေစဉ်။

မြန်မာ့မီးရထားအနေဖြင့် နေ့စဉ် လူစီးရထားများ၊ ကုန်ရထားများကို ပုံမှန်ပြေးဆွဲလျက်ရှိရာတွင် အောက်တိုဘာ ၂၄ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သူဌေးကုန်းဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား မိုင်တိုင်အမှတ်၊ ၁၀၄/၀-၁ ကြား တံတားအမှတ်၊ (၁၄၆) နှင့် (၁၄၇) အနီး၌ ရထားလမ်းများအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးမှုကို ထပ်မံကျူးလွန်ခဲ့သဖြင့် ရထားပြေးဆွဲနေသော အဆန်ရထားလမ်းနှင့် ပြန်လည်အဆင့်မြှင့် တည်ဆောက်နေသော အစုန်ရထားလမ်းတို့တွင် တပ်ဆင်ထားသည့် သံလမ်းသစ်များ တစ်ပေခွဲစီခန့် ပြတ်တောက်၍ လေးပေစီခန့် ကွေးကောက်ပျက်စီးခြင်းနှင့် ကွန်ကရစ် ဇလီဖားတုံးများ ပျက်စီးခဲ့သည်။

### ခေတ္တရပ်နားထား

အဆိုပါ ပျက်စီးမှုကြောင့် အောက်တိုဘာ ၂၄ ရက် ညနေပိုင်းတွင် မန္တလေးမှ ရန်ကုန်သို့ ပုံမှန်ထွက်ခွာလာသော အမှတ်(၆)အစုန်အမြန်ရထားသည် ယနေ့ နံနက် ၃ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းဘူတာတွင်လည်းကောင်း၊ အမှတ်(၄) အစုန် ရထားသည် နံနက် ၄ နာရီ မိနစ် ၂၀ ခန့်တွင် ကညွတ်ကွင်းဘူတာတွင်လည်းကောင်း ခေတ္တရပ်နားထားခဲ့ရသည်။ ထို့အတူ ရွှာသာကြီး-မြစ်ငယ်-ရွှာသာကြီး ခရီးစဉ်ပြေးဆွဲလျက်ရှိသည့် ကုန်သေတ္တာရထား နှစ်စင်းတို့သည်လည်း ပြွန်တန်ဆာဘူတာနှင့် အိမ်ခြေလေးဆယ်ဘူတာတို့၌ ခေတ္တရပ်နားထားခဲ့ရသည်။

### ပုံမှန်ပြန်လည်ပြေးဆွဲ

ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ သွားရောက်စစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း ပျက်စီးသွားသော ရထားလမ်းအား ပြန်လည်မွမ်းမံပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ နံနက်၈ နာရီခွဲခန့်တွင် ပြီးစီးခဲ့သဖြင့် ခေတ္တရပ်နားထားရသော ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိသည်။

ဤသို့ ရထားလမ်း ဖျက်ဆီးခံရသဖြင့် မိုင်းရှင်းလင်းခြင်း၊ ပြန်လည်မွမ်းမံပြင်ဆင်ရခြင်းတို့ကြောင့် လူစီးအမြန်ရထားနှစ်စင်းတို့မှ ခရီးသည် ၁၂၂၀ ခန့်နှင့် ကုန်ရထားခရီးစဉ်များ လမ်းခရီး၌ ကြန့်ကြာမှုနှင့် အခက်အခဲများကို ကြုံတွေ့ခဲ့ကြရသည်။




ရထားလမ်းအား ပြန်လည်ပြုပြင်ပြီး၍ လူစီးအမြန်ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲနေသည်ကို တွေ့ရစဉ်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထား လမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင် /မိုင်းခွဲ တွေ့ရှိခြင်း (၁၂၈) ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း (၄၅) ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၁၂) ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

### ကန့်ကွက်ရှုတ်ချ

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံ အဆောက်အဦများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သမားများက နိုင်ငံတော်ပိုင်ရထားစက်ခေါင်း၊ တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး ရထားဖြင့်ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေး ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သမားများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေးနော့ လျှပ်စစ်ကားထုတ်လုပ်ရေးတွင် မစ်ဆူဘီရှီကုမ္ပဏီက အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ရင်းနှီးမြှုပ်နှံမည်




တိုကျို အောက်တိုဘာ ၂၅

**ဂျပန် ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် မစ်ဆူဘီရှီသည် ၎င်း၏မိတ်ဖက် ပြင်သစ်ကားကုမ္ပဏီဖြစ်သည့် ရေးနော့မှ တည်ထောင်ထားသည့် လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းတွင် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော် ရင်းနှီးမြှုပ်နှံမည်ဟု သိရသည်။**

မစ်ဆူဘီရှီကုမ္ပဏီသည် Ampere ကုမ္ပဏီ၏ အစုရှယ်ယာအတွက် အမေရိကန်ဒေါ်လာ သန်း ၂၁၀ ကို အသုံးပြုသွားမည်ဖြစ်သည်။ ယင်းသို့ပြုလုပ်ခြင်းဖြင့် မစ်ဆူဘီရှီကုမ္ပဏီအနေဖြင့် ကုမ္ပဏီသစ်မှ လျှပ်စစ်ကားများရရှိမည်ဖြစ်ပြီး ၎င်း၏ကိုယ်ပိုင် တံဆိပ်အောက်တွင် ရောင်းချနိုင်မည်ဖြစ်သည်။

အဆိုပါကားများကို ဥရောပနှင့် အခြားသော နေရာများတွင် ရောင်းချရန် စီစဉ်ထားသည်။ ရေးနော့ကုမ္ပဏီ၏ ကုမ္ပဏီခွဲဖြစ်သော Ampere သည် အမေရိကန် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် ဂူဂဲလ်နှင့်လည်း ချိတ်ဆက်ထားသည်။ အလိုအလျောက် မောင်းနှင်ခြင်းနှင့် အခြားသော နည်းပညာများတွင် လိုအပ်သည့်ဆော့ဖ်ဝဲလ်များ တိုးတက်လာစေရန် ရည်ရွယ်ထားခြင်းလည်း ဖြစ်သည်။

နစ်ဆန်းကားကုမ္ပဏီသည်လည်း Ampere တွင် ယူရိုသန်း ၆၀၀ ရင်းနှီးမြှုပ်နှံမည်ဟု အစောပိုင်းက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဂါဇာဒေသ၌ တိုက်ပွဲများကြောင့် ကလေးသေဆုံးမှု ဆက်လက်များပြား

**ဂါဇာ အောက်တိုဘာ ၂၅**

ဂါဇာကမ်းမြောင်ဒေသ၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း နေရာပေါင်း ၄၀၀ ကျော်ကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သည်ဟု အစ္စရေးတို့က ပြောသည်။

ဂါဇာ၌ ကလေးပေါင်း ၂၇၀၀ သေဆုံးခဲ့သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဂါဇာဒေသ၌ လူပေါင်း ၈၅၀ သေဆုံးခဲ့ရသည်ဟု ဒေသတွင်း မီဒီယာများတွင် ဖော်ပြသည်။

**ကုသပေးနိုင်ခြင်းမရှိ**

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေဖြစ်ပေါ်နေပြီး ဂါဇာရှိဆေးရုံများတွင် လျှပ်စစ်မီး မရရှိသည့်အတွက် ဒဏ်ရာရရှိသူ လူနာများကို ကုသပေးနိုင်ခြင်းမရှိချေ။

အစ္စရေး လေကြောင်း တိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်း သေဆုံးသူပေါင်း ၆၅၄၆ ဦးအထိ ရှိလာကြောင်း ဟားမားစ်ကျန်းမာရေးဝန်ကြီးဌာန အောက်တိုဘာ ၂၅ ရက်က ဖော်ပြခဲ့သည်။

**စက်သုံးဆီပြတ်တောက်**

အောက်တိုဘာ ၂၅ ရက် ညပိုင်းရောက်လျှင် မီးစက်မောင်းရန် စက်သုံးဆီများပြတ်တောက်တော့မည်ဟု ပါလက်စတိုင်း ဒုက္ခသည်များ ထောက်ပံ့ပေးရေး ကုလအေဂျင်စီက ပြောသည်။

ရွေးချယ်စရာ မရှိတော့ဘဲ ဂါဇာဒေသတွင် ၎င်းတို့အဖွဲ့အစည်း အလုပ်လုပ်ကိုင်နေမှုကို ရပ်တန့်ရတော့မည်ဟု ပြောသည်။

**ဖမ်းဆီးထားဆဲ**

အစ္စရေးသည် ဂါဇာဒေသသို့ လောင်စာ ဖြတ်တောက်ထားသည်။ အစ္စရေးတွင် လူပေါင်း ၁၄၀၀ ကျော် သေဆုံးခဲ့ပြီး ၂၂၀ ကို ဟားမားစ်တို့က ဓားစာခံအဖြစ် ဖမ်းဆီးထားဆဲဖြစ်သည်။

ထိုစဉ် အရှေ့အလယ်ပိုင်းဒေသသို့ ပဋိပက္ခများ ကူးစက်ပျံ့နှံ့လာမည်ကို အမေရိကန်က စိုးရိမ်နေရသည်။

**ဆင်ဟွာ**

## ပြီးခဲ့သည့်သီတင်းပတ်အတွင်း အီရတ်နှင့်ဆီးရီးယားရှိ အမေရိကန် အခြေစိုက်စခန်းများ ၁၃ ကြိမ် တိုက်ခိုက်ခံရ

**ဝါရှင်တန် အောက်တိုဘာ ၂၅**

အီရတ် နှင့် ဆီးရီးယားရှိ အမေရိကန်အခြေစိုက်စခန်းများကို အောက်တိုဘာ ၁၇ ရက်မှ ၂၄ ရက်အထိ အီရန်ကို ကျောထောက်နောက်ခံ ပြုထားသည့် အဖွဲ့အစည်းများက ၁၃ ကြိမ် ထက်မနည်း တိုက်ခိုက်ခဲ့သည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

အီရတ်ရှိ အမေရိကန် အခြေစိုက်စခန်းကို ၁၀ ကြိမ်၊ ဆီးရီးယားရှိ အခြေစိုက်စခန်းကို သုံးကြိမ် ဒရုန်းများ၊ ဒုံးကျည်များ အသုံးပြုကာ တိုက်ခိုက်ခဲ့သည်ဟု ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူ ပတ်ရိုက်ဒါက အောက်တိုဘာ ၂၄ ရက်တွင် သတင်းထောက်များကို ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဆီးရီးယားနိုင်ငံတောင်ပိုင်း အမေရိကန် အခြေစိုက်စခန်း တိုက်ခိုက်ခံရမှုကြောင့် တပ်ဖွဲ့ဝင် ၂၀ ထက်မနည်း အသေးစား ဒဏ်ရာများ ရရှိခဲ့သည်ဟု အမေရိကန် ဗဟိုကွပ်ကဲရေးဌာနက ပြောကြားခဲ့ကြောင်း အင်န်ဘီစီ ရုပ်သံတွင် ဖော်ပြထားသည်။

ယင်းသို့ တိုက်ခိုက်မှုများကို တုံ့ပြန်ရန်အတွက် အရှေ့အလယ်ပိုင်းဒေသ အမေရိကန် ကာကွယ်ရေးအနေအထား ခိုင်မာစေရန် လေကြောင်းရန် ကာကွယ်ရေးစနစ်များအပါအဝင် အခြားသော လုပ်ဆောင်မှုများ လုပ်ဆောင်သွားမည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က အောက်တိုဘာ ၂၁ ရက်က ပြောသည်။ အီရန်နှင့် အခြားသော အုပ်စုများကြောင့် လက်ရှိဖြစ်ပေါ်နေသည့် အစ္စရေးနှင့် ပါလက်စတိုင်းဟားမားစ်အုပ်စုတို့အကြား ပဋိပက္ခများ ပို၍အရှိန်ကောင်းလာမည်ကို အမေရိကန်က စိုးရိမ်နေသည်။ **အင်န်အိတ်ချ်ကေ**

## ဗီယက်နမ်နိုင်ငံ၌ မျောက်ကျောက်ရောဂါကြောင့် တစ်ဦးသေဆုံး

**ဟနွိုင်း အောက်တိုဘာ ၂၅**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း လောင်းအန်ပြည်နယ်မှ အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးမှာ မျောက်ကျောက်ရောဂါကြောင့် သေဆုံးခဲ့ပြီး မျောက်ကျောက်ရောဂါကြောင့် ပထမဆုံး သေဆုံးမှုဖြစ်လာခဲ့သည်ဟု အောက်တိုဘာ ၂၅ ရက်က ဗီယက်နမ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

၎င်းမှာ မျောက်ကျောက်ရောဂါအပြင် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် နောက်ဆုံးအဆင့်ဟုလည်း သိရသည်။ ၎င်းသည် အောက်တိုဘာ ၂ ရက်က အဖုများနှင့် အရည်ကြည်ဖုများ ပေါက်လာသည့်အတွက် ဟိုချီမင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

၎င်းမှာ မုက္ခရုနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ခံစားနေရပြီး ၁၈ ရက်ကြာ အသက်ရှူအထောက်ကူပြုကိရိယာတပ်ဆင်ထားပြီးနောက် သေဆုံးခဲ့သည်။ ယခုနှစ် နှစ်စပိုင်းမှ စတင်ကာ ဟိုချီမင်းမြို့၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၂၀ ရှိသည်။ ၎င်းတို့အနက် လူနာ ၁၈ ဦးမှာ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီးတစ်ဦးပါဝင်ပြီး အိတ်ချ်အိုင်ဗွီ ကူးစက်ခံထားရသည်ဟု သိရသည်။

**ဆင်ဟွာ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၀-၂၀၂၃ ကျပ်/လီတာ

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၃ |
| 95 Ron | ၂၀၅၀ | ၂၁၂၅ |
| HSD (500 ppm) | ၂၁၉၆ | ၂၂၆၉ |
| HSD (50 ppm) | ၂၃၀၃ | ၂၃၇၉ |
| HSD (10 ppm) | ၂၃၀၉ | ၂၃၈၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦးတွေ့ရှိ

(၂၅-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၄-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၀၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**


**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်မှ ၉ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့် လက်တွေ့ပစ်ခတ်ခြင်းများ(Live Firing) ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်း ဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ် စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းဧရိယာပြပုံ




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Hap Py" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၀)ရပ်ကွက်နေ ဟိန်းဇော်ဝင်း(ခ) ဂျက်စပါးအား မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" ၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြီးခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ နံနက် ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" အဖြစ်သို့ အားလျော့သွားခဲ့ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို စစ်တကောင်းမြို့ တောင်ဘက်အနီးမှ ဖြတ်ကျော်လျက်ရှိသည်။

ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သော်လည်း မြန်မာနိုင်ငံ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတို့သည် ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" ၏ အဝန်းအဝိုင်းအတွင်းသို့ ကျရောက်နေပါသဖြင့် ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" ၏ သက်ရောက်မှုကို ခံစားရနိုင်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" သည် မြန်မာစံတော်ချိန် ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၂၁ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၁ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ နှုန်းခန့် ဖြစ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ကုန်းတွင်းမုန်တိုင်းအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ ထို့နောက် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တွင် ကုန်းတွင်းမုန်တိုင်းငယ် အနေဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ ချင်းပြည်နယ် နယ်စပ်ဒေသများတွင် အားကောင်းသောလေဖိအားနည်းရပ်ဝန်းအနေဖြင့် လည်းကောင်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း"၏ အရှိန်ကြောင့် ယနေ့နံနက်မှ ၂၆.၁၀.၂၀၂၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် နေပြည်တော်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" ၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ တစ်သန်းကျော်ရှိ

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ ၂၄ ရက်နေ့အထိ ပို့ကုန်တန်ချိန် ၁၅၀၄၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇၀ သန်းနှင့် သွင်းကုန် တန်ချိန် ၆၂၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၀ ဒသမ ၀၄၈ သန်း တင်ပို့/တင်သွင်းခဲ့ပြီး ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ ၁ ဒသမ ၃၁၈ သန်းဖြစ်ပါသည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်း တစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၇၁ ဖြင့် တန်ချိန် ၂၈၀ ဒသမ ၀၀ အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၀၀၀ ဒသမ ၀၀၊ ပုစွန် တစ်တန် အမေရိကန်ဒေါ်လာဈေးနှုန်း ၅၂၀၀ ဖြင့် တန်ချိန် ၂ ဒသမ ၂၈၀ အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၈၅၆ ဒသမ ၀၀၊ ငါးဇင်းပြားတစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၇၁၀ ဖြင့် တန်ချိန် ၁၈ ဒသမ ၁၆၀ အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၈၉၃ ဒသမ ၆၀၊ ဘေးဝါတစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၇၉၀ ဖြင့် တန်ချိန် ၃၇ ဒသမ ၂၁၀ အတွက် တန်ဖိုးအမေရိကန်ဒေါ်လာ ၂၉၃၉၅ ဒသမ ၉၀၊ ငါးဝိုင်းတစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၈၈၀ ဖြင့် တန်ချိန် ၂၀ ဒသမ ၈၈၀ အတွက် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၈၃၇၄ ဒသမ ၄၀၊ ကဗျက်တစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၀၈၀ ဖြင့် တန်ချိန် ၃၂ ဒသမ ၇၉၀ အတွက် တန်ဖိုးအမေရိကန်ဒေါ်လာ ၃၅၄၁၃ ဒသမ ၂၀၊ ငါးခွေးလျှာတစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၁၂၀ ဖြင့် တန်ချိန် ၈ ဒသမ ၃၂၀ အတွက် တန်ဖိုးအမေရိကန်ဒေါ်လာ ၉၃၁၈ ဒသမ ၄၊ ကြိမ်မွေ့တောင်းတစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၅၆၀ ဖြင့် တန်ချိန် ၄ ဒသမ ၂၄၀ အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၆၁၄ ဒသမ ၄၀၊ ငါးမဲလုံး တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၁၉၀ ဖြင့် တန်ချိန် ၂၉ ဒသမ ၁၁၅ အတွက် တန်ဖိုးအမေရိကန်ဒေါ်လာ ၃၄၆၄၆ ဒသမ ၈၅ နှင့် ပလာတူးငါး တစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၉၈၀ ဖြင့် တန်ချိန် ၂၁ ဒသမ ၈၉၅ အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၄၅၇ ဒသမ ၁၀ တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့်သွင်းကုန်ပစ္စည်းမှာ ပီလောပီနံမှုန့် တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၄၆၆ ဒသမ ၆၆ ဖြင့် တန်ချိန် ၁၅ တန်အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၀၀၊ ဓာတ်မြေဩဇာ တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၈၈၄ ဒသမ ၆၁ ဖြင့် တန်ချိန် ၂၆ တန်အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၀၀၀၊ ပလတ်စတစ်ပိုက် အမျိုးမျိုးတစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၈၅၇ ဒသမ ၁၄ ဖြင့် တန်ချိန် ၂၁ တန်အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၀၀၀ ဖြစ်သည်။

၂၅-၁၀-၂၀၂၃ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာမြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၀၄ ဒသမ ၉၀ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၉၀ ဒသမ ၅ ကျပ်ခန့်ဖြစ်ကြောင်း သိရှိရသည်။

စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ၁၂၆၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၁၂၆၀၀ ကျပ်ဖြစ်ကြောင်းသိရှိရသည်။

**(DOT ကော့သောင်း)**

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်မှ ၂၄ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် ဒေါ်လာ ၆ ဒသမ ၈၃၇ သန်း၊ သွင်းကုန် ဒေါ်လာ ၂၃ ဒသမ ၁၁၁ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၉ ဒသမ ၉၄၈ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ရော်ဘာ ၁၅၄၇ ဒသမ ၂၅ တန်၊ တန်ဖိုး ဒေါ်လာ ၁ ဒသမ ၈၉၅ သန်း၊ ဆန် ၁၃၆၆ ဒသမ ၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၇၃၄ သန်း၊ နှမ်း(နက်) ၅၃၁ ဒသမ ၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၈၂၃ သန်း၊ ပြောင်း ၂၁၆၇ ဒသမ ၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၆၇၆ သန်း၊ ပဲယဉ်း ၇၇၆ ဒသမ ၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၅၈၈ သန်း၊ ဝဥခြောက် ၃၀၃ ဒသမ ၈၅ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၅၂၃ သန်း၊ ဆန်ကွဲ ၈၅၀ ဒသမ ၇၅ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၃၆၉ သန်း၊ ထောပတ်ပဲ ၁၃၆ ဒသမ ၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၁၇၆ သန်း၊ ပဲတီစိမ်း ၁၇၀ ဒသမ ၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၁၅၃ သန်းနှင့် မြေပဲဆန် ၅၁ ဒသမ ၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၇၉ သန်း တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၅ ဒသမ ၈၆၀ သန်း၊ ချည်ထည်များ ဒေါ်လာ ၃ ဒသမ ၆၈၉ သန်း၊ ဇာနှင့်ဇာထိုးထားသော အထည်အလိပ်များ ဒေါ်လာ ၁ ဒသမ ၃၃၁ သန်း၊ ပလတ်စတစ်ကုန်ကြမ်းများ ဒေါ်လာ ၀ ဒသမ ၆၉၇ သန်း၊ စက်နှင့် စက်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၅၄၀ သန်း၊ ဓာတ်မြေဩဇာ ဒေါ်လာ ၀ ဒသမ ၅၁၇ သန်း၊ သံနှင့် သံမဏိပစ္စည်းများ (ဆောက်လုပ်ရေးလုပ်ငန်းသုံး) ဒေါ်လာ ၀ ဒသမ ၄၀၇ သန်း၊ ဆေးဝါးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၂၈၆ သန်း၊ လေအေးပေးစက်များ ဒေါ်လာ ၀ ဒသမ ၁၈၅ သန်းနှင့် ဓာတုဗေဒပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၁၇၀ သန်း တင်သွင်းနိုင်ခဲ့သည်။ **(DOT ချင်းရွှေဟော်)**

## မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၁၄၁ သန်း ဆောင်ရွက်နိုင်

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ၂၄-၁၀-၂၀၂၃ ရက်နေ့တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၇၀၂ သန်း၊ သွင်းကုန် တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၄၃၉ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှု ပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၁၄၁ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

### ဝါဂွမ်းနှင့် ငါးရှဉ့် တင်ပို့

အများဆုံး အမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ဝါဂွမ်း ၁၆၅ ဒသမ ၅၂၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၂၈၉ သန်း၊ ငါးရှဉ့် ၃၄ ဒသမ ၉၆၀ တန်၊ တန်ဖိုးကန်ဒေါ်လာ ၀ ဒသမ ၁၀၅ သန်း၊ ချဉ်ပေါင် ဖာလာ ၄၄ ဒသမ ၀၀၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၈၈ သန်း၊ ကဏန်း ၁၈ ဒသမ ၉၀၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၇၂ သန်း၊ ဆန် ၆၈ ဒသမ ၅၀၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၃၉ သန်း၊ နနွင်းတက် ၆၈ ဒသမ ၁၀၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၃၆ သန်း၊ ဆန်ကွဲ ၇၀ ဒသမ ၅၀၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၃၂ သန်း၊ ရှားကောသီး ၁၀ ဒသမ ၄၀၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၀၉ သန်း၊ ရေခဲပုစွန် ၁၅ ဒသမ ၆၈၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၀၈ သန်းနှင့် ဆီးသီးခြောက် ၁၀၈ ဒသမ ၀၀၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၀၇ သန်း တို့ဖြစ်သည်။

### မီးစက်နှင့် ဆိုလာပြားများတင်သွင်း

အများဆုံး အမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ် မီးစက် တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၄၀၆ သန်း၊ ဓာတ်ဆီ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၁၃၅ သန်း၊ ဒီဇယ်ဆီ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၁၁၈ သန်း၊ ယာဉ်နှင့် ယာဉ်ယန္တရားများ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၈၅ သန်း၊ စပျစ်သီး တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၅၆ သန်း၊ ဆိုလာပြား တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၄၇ သန်း၊ မီးခံအုတ် တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၂၉ သန်း၊ ဖိနပ်မျိုးစုံ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၂၉ သန်း၊ လိမ္မော်သီး တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၂၃ သန်းနှင့် ဘက်ထရီ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၁၂ သန်းတို့ ဖြစ်ပါသည်။

**(DOT မူဆယ်)**

## ၂၅.၁၀.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၁၆၀၀၀ | ၅၁၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ | ၃၄၅၀၀၀၀ |
| ၂ | လားရှိုး | ၃၃၅၀ | | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ | ၃၄၅၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၀၀၀ | ၁၀၅၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ | ၃၄၅၀၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၅၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ | ၃၄၅၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၇၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၂၀၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ | ၃၄၆၅၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | - | ၁၄၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၃၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၃၄၈၀၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၁၆၀၀၀ | - | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၃၄၀၀၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၀၅၀၀ | ၉၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | | ၃၄၆၅၀၀၀ |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၀၅၀ | ၁၅၀၀၀ | ၃၆၀၀ | ၉၈၀၀ | ၉၀၀၀ | ၆၆၀၀ | ၈၃၀၀ | ၈၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | | ၃၄၆၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၁၆၀၀၀ | ၄၉၅၀ | ၁၈၀၀၀ | ၃၆၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၃၀၈၂၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၅၀၀၀ | ၄၉၀၀ | ၁၇၀၀၀ | ၃၂၀၀ | ၉၅၀၀ | ၇၈၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၈၀၀ | ၃၇၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ | ၃၄၂၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၃၃၀၀ | ၉၅၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၃၄၇၀၀၀၀ |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၁၈၅၀၀ | | ၄၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ | ၃၅၀၀၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၁၂၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၇၀၀ | ၇၂၀၀ | ၈၀၀၀ | ၃၈၀၀ | ၂၄၀၀ | ၄၂၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၂၉၉၀၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၁၅၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၃၁၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ | |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၁၂၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၅၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၂၃၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၃၄၄၀၀၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၉၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၃၄၄၀၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၁၃၅၀၀ | ၅၁၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၈၄၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ | ၃၄၅၈၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၅၀၀ | ၃၈၀၀ | ၂၈၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ | ၃၄၀၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၁၅၀၀၀ | ၅၁၀၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၀၅၀၀ | ၈၈၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ | ၃၄၃၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၁၅၀၀၀ | ၅၁၀၀ | ၁၅၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၈၈၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၂၀၀ | ၄၂၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ | ၃၄၃၀၀၀၀ |
| ၂၂ | ကလေး | ၆၈၀၀ | ၄၄၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀ | ၃၅၀၀ | | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၃၅၀၀၀၀၀ |

မှတ်ချက်။ (၁) စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်တွင် ကျပ် ၃၅၀၊ ပုသိမ်တွင် ကျပ် ၂၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ကျပ် ၅၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၅၀၀၊ မြိတ်တွင် ကျပ် ၃၀၀၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၃၀၀၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ကျပ် ၃၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ကျပ် ၅၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ကျပ် ၄၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် စစ်တွေတွင် ကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၃၀၀၊ ဝက်သား တစ်ပိဿာလျှင် နေပြည်တော်တွင် ကျပ် ၁၀၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## ပေါင်းတည်၌ သစ်တောပယ်ဖျက်ပြီး လယ်ယာမြေများအား တောင်သူများထံ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်

**ပေါင်းတည်  အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ပန်းသင်းပင် သစ်တောကြိုးဝိုင်း မြေဧရိယာအတွင်း သစ်တောပယ်ဖျက်ပြီး လယ်ယာမြေများအား တောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ပေးအပ်ပွဲကို အောက်တိုဘာ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က သစ်တောကြိုးဝိုင်းမြေဧရိယာမှ ပယ်ဖျက်မြေများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးရဲဝင်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြု ပုံစံ(၇) နှင့်ပတ်သက်၍ လိုက်နာရမည့်စည်းကမ်းချက်များနှင့် အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ (၇) များအား ပေးအပ်သည်။ အဆိုပါပေးအပ်ပွဲ၌ တောင်သူ ၁၅၅ ဦးအတွက် စပါးစိုက်ပျိုးမြေ ၅၁၃ ဧက၊ ဦးပိုင်ပေါင်း ၂၇၃ ဦးအား ပေးအပ်ခဲ့ရာ ကျေးရွာ လေးရွာမှ တောင်သူကိုယ်စားလှယ်များက တက်ရောက်လက်ခံရယူခဲ့ကြကြောင်း သိရသည်။



**သူရကြီး (ပြန်/ဆက်)**

## ပြင်စလူမြို့ စည်ပင်ရုံးဝင်းအတွင်း မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ပြင်စလူ  အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့စည်ပင်ရုံးဝင်း အတွင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နည်းများနှင့် မီးလောင်မှု၊ မီးလန့်မှုဖြစ်စဉ်များ ဖြစ်ပေါ်လာပါက မီးငြိမ်းသတ်ရေး အခြေခံနည်းလမ်းများ၊ မီးငြိမ်းသတ်နည်းများကို မီးသတ်တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၅ ရက်တွင် သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြင်စလူမြို့ မီးသတ်ဦးစီးမှူး ဦးလှိုင်ဇော်ဖြိုးက မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများနှင့် ရေးဦးမီးငြိမ်းသတ်နည်း၊ ပစ္စည်းကိရိယာများ သုံးစွဲနည်း၊ မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်းများ၊ ဌာနဆိုင်ရာရုံးများတွင် မီးဘေးကြုံတွေ့ရပါက အရေးကြီးသော ဦးစားပေး စာရွက်စာတမ်းများ ဘေးကင်းလုံခြုံမှုရှိစေရန် စီမံဆောင်ရွက်ထားရှိမှုနည်းများကို ပြင်စလူမြို့ စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးတင်ဆန်းနှင့်ဝန်ထမ်းများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် သရုပ်ပြလေ့ကျင့်ခြင်းကို မြို့စည်ပင်သာယာရေး အဖွဲ့မှ ဝန်ထမ်းများနှင့် မြို့အဆင့် ဌာနဆိုင်များက ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။



**ထွန်းထွန်း (ပြန်/ဆက်)**

## နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာကျပ်ငွေဖြင့် ဝယ်ယူရရှိသောကြောင့် ပြည်တွင်းကျောက်မျက်ရတနာလုပ်ငန်း လုပ်ကိုင်သူများအတွက် အဆင်ပြေ

**နေပြည်တော်  အောက်တိုဘာ ၂၅**

နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ကျင်းပနေသော ၂၀၂၃ ခု နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် စည်းကမ်းသတ်မှတ်ချက်များ ပြုပြင်ပြောင်းလဲလာမှုနှင့်အတူ မြန်မာကျပ်ငွေဖြင့် ဝယ်ယူရရှိသောကြောင့်ပြည်တွင်း တစ်နိုင်တစ်ပိုင် ကျောက်မျက်လုပ်ငန်း လုပ်ကိုင်သူများအတွက် တရားဝင်ဝယ်ယူရရှိပြီး လုပ်ငန်းလုပ်ကိုင်နိုင်သောကြောင့် အဆင်ပြေကြောင်း သိရသည်။

ယခုပြပွဲတွင် ကျောက်စိမ်းအတွဲများကို အဆင့်သတ်မှတ်ချက်ထားရှိ၍ (A) အဆင့်ကို နိုင်ငံခြားငွေဖြင့်လည်းကောင်း၊ (B) အဆင့်ကို နိုင်ငံခြားငွေဖြင့်လည်းကောင်း (သို့မဟုတ်) နိုင်ငံခြားငွေနှင့်တန်ဖိုးတူ မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ (C) အဆင့်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရရှိ၍ အဆင်ပြေကြောင်း ကျောက်မျက်လုပ်ငန်း လုပ်ကိုင်သူအသိုင်းအဝိုင်းများမှ သိရသည်။

"ပြပွဲကို သူငယ်ချင်း ငါးဦး ရှယ်ယာလုပ်ပြီး လာဝယ်တာပါ။ ကျောက်ကောင်းများပါတယ်။ ဝယ်ယူမယ့် ကျောက်တွဲတွေကို အတူတူကြည့်ပြီး ဈေးဖြတ်ဝယ်တာပါ။ ယခုလို နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေနဲ့ ဝယ်ယူနိုင်တဲ့ ပြပွဲကို ကျင်းပပေးတာက တစ်နိုင်တစ်ပိုင် ကျောက်မျက်လုပ်ငန်းလုပ်ကိုင်သူတွေက ကျောက်စိမ်းကုန်ကြမ်းတွေကို မြန်မာငွေနဲ့ ဝယ်ယူရရှိပြီး တန်ဖိုးမြင့်ကုန်ချောတွေ ထုတ်လုပ်ရောင်းချနိုင်တာကြောင့် ပြည်တွင်းဈေးကွက်ကောင်းမွန်လာနိုင်ပါတယ်" ဟု နှစ်စဉ်ပြပွဲတိုင်း လာရောက်ဝယ်ယူသူ မန္တလေးမြို့မှ ဦးဝင်းကိုကိုဦးနှင့်အဖွဲ့က ပြောသည်။

**ခွန်(ဝင်းပ)**

**မြန်မာ့အလင်း**

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - မြင့်စိုး |
| **သတင်းထောက်မှူး** | - ခင်ရတနာ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - တင်စိုး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၁၀ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၁၀ ကျပ် | ၂၃၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပျဉ်းမနား  အောက်တိုဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ အမှတ် - ၁ ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံး(နေပြည်တော်)နှင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီတို့ပူးပေါင်း၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ ဘောဂသီရိကားကြီးဝင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ပျဉ်းမနားမြို့ရှောင်လမ်းတို့တွင် ကွင်းဆင်းဆောင်ရွက်သည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်သီဂီတိုး၊ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးစည်သူထွဏ်း၊ အမှတ် - ၁ ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံး (နေပြည်တော်) ရဲမှူးဘချစ်၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ(အဝေးပြေး)ဥက္ကဋ္ဌ ဦးမြတ်မိုး၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ(မြို့တွင်း) ဥက္ကဋ္ဌ ဦးမျိုးမင်းထက်နှင့် တာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ပျဉ်းမနားမြို့ရှောင်လမ်းတွင် ပြေးဆွဲနေသည့် ကုန်တင်မော်တော်ယာဉ်ကြီးများ၊ သုံးဘီးယာဉ်များနှင့် အနေးယာဉ်များ လမ်းလယ်ကြောယူပြီး မောင်းနှင်နေမှုများ မပြုလုပ်စေဘဲ လက်ယာဘက်ကပ်၍ မောင်းနှင်စေရေး၊ ယာဉ်မောင်းအများစုသည် အဝေးပြေးလမ်းမကြီးပေါ်၌ ယာဉ်၏ လက်ဝဲဘက်မီးဖြင့်သာ အချက်ပြလျက် လွဲမှားစွာ ကျင့်သုံးနေကြ၍ မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိနေသည့်အတွက် မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ ပြေးဆွဲနေသည့် မော်တော်ယာဉ်မောင်းများအနေဖြင့် နောက်မှကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း မိမိယာဉ်၏လက်ယာဘက်မီးဖြင့် မှန်ကန်စွာအချက်ပြ၍ လက်ယာဘက်ကပ် မောင်းနှင်ပြီး လမ်းကြောင်းပေးရန်လိုကြောင်း ပြောကြားကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၅၅၁ | ၄၉၅၉၀၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၃၆၄၂ | ၁၀၇၄၃၉၀၀ |
| MCB | ၇၅၀၀ | ၇၇၀၀ | ၃၂၁ | ၂၄၁၇၉၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၀၈ | ၁၈၃၆၀၀ |
| TMH | ၂၇၀၀ | ၂၆၅၀ | ၁၄၃၄ | ၃၈၀၀၂၀၀ |
| EFR | ၂၀၅၀ | ၂၁၀၀ | ၁၀၄၀၅ | ၂၁၈၃၀၅၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၂၃၄ | ၆၀၄၆၆၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၅၁၀ | ၈၆၈၄၀၀ |

ညီညီ - စုစည်းသည်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**

**ပြင်ဦးလွင်မြို့နယ်တရားရုံးတော်၌**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၁**

| | | |
|---|---|---|
| ဦးသန့်ဇင် | နှင့် | ဦးညွန့်နိုင် |
| **တရားလို** | | **တရားပြိုင်** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အမှတ်(အ–၁)နေ တရားပြိုင် ဦးညွန့်နိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုဦးသန့်ဇင်ကမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက် ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ရက်)နေ့ မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အိအိချို)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြင်ဦးလွင်မြို့နယ်တရားရုံး

## အစည်းအဝေး အကြောင်းကြားစာ

**မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)၊ ပုဒ်မ ၁၁၆(င) (၂)အရ**

F & B Solutions Co., Ltd. သည် မတည်ငွေရင်း လျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်–

**အစည်းအဝေး ကျင်းပမည့် နေ့ရက်** – ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၁ ) ရက်
**အစည်းအဝေး ကျင်းပမည့် နေရာ** – ကုမ္ပဏီ အစည်းအဝေး ခန်းမ
**အစည်းအဝေး ကျင်းပမည့် အချိန်** – နံနက် ၁၀နာရီ

**F&B Solution Co, Ltd**
**ဖုန်း– 01-254301**

## သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ညောင်ပင်သာလမ်း၊ အမှတ်(၁၅)နေ ဒေါ်သန်းမွေး ၁၄/ပသန(နိုင်)၀၁၂၉၀၃ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးစံသိန်း၊ ဒေါ်သန်းမွေး တို့၏သမီးဖြစ်သူ မမေမျိုးသက် ၁၄/ပသန(နိုင်)၁၈၂၄၆၁ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲမှုများပြုလုပ်၍ ၂၀၁၈ ခုနှစ်ကတည်းက နေအိမ်မှထွက်သွားခဲ့ပြီးဖြစ်၍ ယနေ့မှစပြီး မေမျိုးသက်အား သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီး ဖြစ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း ကျွန်မတို့မိသားစုနှင့် သက်ဆိုင်မှုမရှိကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းမွေး ၏ ညွှန်ကြားချက်အရ**
**ဒေါ်မြင့်သိဏ်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**(၁၁၉)၊ ၄ဝါ(၃)လမ်း၊ ကင်မလင်းကျွန်း၊ ပုသိမ်မြို့။ ဖုန်း–၀၉–၉၅၉၁၆၆၅၅၁**

## အများသိစေရန်

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်းသွယ်(၂)၊ အမှတ်(၃၃)နေ ဒေါ်လွဲ့လွဲ့မာ(၁၂/သလန (နိုင်)၀၉၁၇၇၁)က အများသိစေရန် ကြေညာအပ်သည်မှာ

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်းသွယ်(၂)၊ အမှတ်(၅၆)ဟုခေါ်တွင်သော မြေကွက်အတွင်းမှ (၄၀x၉၀)ပေ၊ မြေကွက်မှ တစ်ပါး ကျန်မြေကွက်များသည် ဒေါ်လွဲ့လွဲ့မာ(၁၂/သလန(နိုင်)၀၉၁၇၇၁)(ဘ) ဦးအောင်မြိုင်၏ အမွေဆိုင်ခြံဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်လွဲ့လွဲ့မာ** | **ဦးစောဝင်း (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်–၄၉၆၁/၈၉)** |
| | **အမှတ်(၄) ဦးထွန်းစိန်လမ်း၊ အုတ်ဖိုစု ရပ်ကွက်၊ သန်လျင်မြို့၊** |
| | **ဖုန်း–၀၉–၂၅၄၁၄၃၃၇၁** |

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/8052 ယာဉ်လက်ဝယ်ရှိသူ စောလယ်ကော် ၇/အတန(နိုင်)၀၂၅၀၁၁ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/9592 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွေး ၇/ညလပ(နိုင်)၀၀၁၂၅၅ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် – ၅၊ နည်းဥပဒေ–၂၀)**

**စဉ့်ကိုင်မြို့နယ်တရားရုံးတော်၌**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၈**

| | | |
|---|---|---|
| ဒေါ်ဇင်မာနွယ် | နှင့် | ဦးသိန်းဇော်ဝင်း |
| **တရားလို** | | **တရားပြိုင်** |

တရားပြိုင်ဖြစ်သည့် ဦးသိန်းဇော်ဝင်း၊ မြောက်ကိုင်းရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတို့ (ယခုနေ ရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **“မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်အရ ပေးချေထားသော စရန်ငွေကျပ်(၄၅၀၀၀၀၀ိ/–)၏ နှစ်ဆငွေကျပ်(၉၀၀၀၀၀၀ိ/–)တိတိရလိုမှု (သို့မဟုတ်)ကျန်ငွေလက်ခံ၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးကာ မြေနှင့်အိမ် လက်ရောက်ပေးအပ်စေလိုမှု”**ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူဇာလှိုင်)**
**မြို့နယ်တရားသူကြီး**
**စဉ့်ကိုင်မြို့နယ်တရားရုံး**

## ရောင်းမည်

သစ်လုံးခွဲရန် Band Saw စက်နှင့်
Moulding Machine သစ်အချောထည်
စက်များရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း–
**09 400300900 ၊ 09 400900300**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၊ မြေကွက်အမှတ် ၁၉၄၊ မြေကွက်တည်နေရာ အမှတ် (၁၉၄)၊ (၅)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်မူမူ(O/RGN–003003)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်မူမူ(မိခင်)နှင့် ဦးကြီးမြင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးနိုင်အောင်လတ်(၁၂/ဥကတ(နိုင်)၁၁၅၇၅၉)၊ ဦးသန်းထွန်းမြင့် (၁၂/ဥကတ(နိုင်)၁၃၅၈၄၇)၊ ဦးကျော်ထွန်းမြင့် (၁၂/ဥကတ(နိုင်)၁၃၅၈၄၈)တို့မှ သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ (ပိုင်ဆိုင် + အရောင်း)မြေပုံကူးလျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ ရွှေပေးကျေးရွာနေ ဒေါ်အိအိခိုင် ၆/မမန(နိုင်)၁၄၄၄၉၃ ၏ ဖခင်အမည်မှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအ ရ ဦးခင်မောင်လှ ဖြစ်ပြီး ဦးခင်မောင်လှ ၏သမီး ဒေါ်အိအိခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအ ရ ၉–၂–၁၉၈၆ ဖြစ်ပါကြောင်း။

**ဦးခင်မောင်လှ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ စက်ကလေးရပ်ကွက်၊ သိင်္ဂီလမ်း၊ အမှတ်(၃၅)တွင် နေထိုင် သည့် ဦးလှအောင်(ခ)ဦးရွှေပု(၁၂/ကမတ(နိုင်)၀၃၄၉၆၃)နှင့် ဒေါ်ခင်ယုဆွေ(ခ)မယု (၁၂/ကမတ(နိုင်)၀၆၁၀၉၃)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့်ဦးလှအောင်(ခ)ဦးရွှေပု၊ ဒေါ်ခင်ယုဆွေ(ခ)မယုတို့၏ သားဖြစ်သူ မောင်ဟိန်းဇေယျာ (၁၂/ကမတ(နိုင်)၀၉၀၆၃၀)သည် မိဘများစိတ်ဆင်းရဲစေသောကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့သောကြောင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ မောင်ဟိန်းဇေယျာနှင့်ပတ်သက်သည့် ကိစ္စများသည်၎င်းနှင့်သာ ဖြေရှင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ခင်စန်း(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၂၂၂)**
**အမှတ်(၂၃၁)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉–၄၅၇၇၉၈၇၅၅**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၂၅–၁၀–၂၀၂၄)ရက် (သောကြာနေ့)ညတွင် ချင်းတိုင်းရင်းသားတို့၏ MQT Music Band တေးဂီတအဖွဲ့နှင့်အတူ ချင်းတိုင်းရင်းသား /သူ တေးသံရှင်များ စုပေါင်းသီဆိုမည့် “အောက်ချင်းငှက် တေးသံသာ” ဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ရာ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

(၂၅–၁၀–၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
“အောက်ချင်းငှက် တေးသံသာ” ဖျော်ဖြေပွဲခေါင်းစဉ်ဖြင့်
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | Meitei Guun (မဏိပူရမြစ် ခမ်းခြောက်သည့်တိုင် ချစ်မည်) | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၂။ | Iang Nei Lairam (ညှို့နိုင်လွန်းသည့် ချင်းပြည်) | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၃။ | ချယ်ရီ | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၄။ | ခြောက်ကပ်နေ | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၅။ | Ahlan Ih (အရင်က) | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၆။ | တောင်ပေါ်လမ်းဟောင်းလေး | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၇။ | Zilthli Thiang Lennak (လေပြေလေညှင်းတိုက်ခတ်ရာ) | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၈။ | ချစ်သောချင်းမြေလေ့မြေ | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၉။ | တောင်ပေါ်မြို့လေး | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၁၀။ | ချစ်တဲ့ချင်းပြည် | ချင်းတိုင်းရင်းသူအဆိုရှင် |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ စီမံကိန်း(၁) သခင်ဖိုး လှကြီးလမ်း၊ မြေကွက်အမှတ်–၃၄၃၊ ဧရိယာပေ (၄၀x၆၀) ကျယ်ဝန်းသော ဒေါ်အေးအေးသိမ်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်အမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ဧရိယာတစ်စိတ်တစ်ဒေသနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးသိမ်း (၁၂/ဗဟန(နိုင်)၀၀၄၇၄၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်အေးဝင်း (LL.B)**
**အထက်တန်းရှေ့နေ( စဉ်–၅၂၅၈၂)**
**အမှတ်–၇၃၇/ခ၊ မြေညီထပ်၊မာဃလမ်း၊(၁၂) ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၆၉၆၄၈၄၃၉၃**

## ပတ်စ်ပို့ပျောက်

ဦးခင်မောင်စန်း ၇/ဖမန(နိုင်)၁၀၂၂၁၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၃၇၇၁၇၁၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြင့်ငွေး ပိုင်ဆိုင်သော ငွေကြည်ထွန်း ရညန/ရခ/၈၀၄ ရေယာဉ်၏ မြင်းကောင်ရေ (၂၀) အထက် မှတ်ပုံတင် လက်မှတ်၊ ခုတ်မောင်းသွားလာခွင့် လက်မှတ်နှင့် လုပ်ငန်းလိုင်စင် အပိုင်း(၁+၂) ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉– ၂၅၀၂၄၀၆၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/6499 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူ ၇/ဒဥန(နိုင်)၀၅၁၂၉၃ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၄၀၊ လှူနေရပ်ကွက်အမှတ်(၁၄/ဏ)ရပ်ကွက်၊ ပန်းခြံ(၁၉)၊ မြေကွက်အမှတ်(၁၉၀၄)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးခင်မောင်သန်း(၁၂/ကမရ(နိုင်)၀၀၇၉၃၉)ထံမှ မူလအမည်ပေါက်မြေချပါမစ် စာရွက်စာတမ်းများနှင့်တစ်ကွ ပိုင်ဆိုင်မှုအဆက်အစပ် စာချုပ်များဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဖြူပြာ(၈/နမန(နိုင်)၂၅၃၅၆၁)သည် (၁၆–၁၁–၂၀၂၁)ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆိုပြီး ရောင်းဖိုးငွေအပြည့်အဝ ပေးချေဝယ်ယူ လက်ရောက်ရရှိထားသော မြေကွက်နှင့် နေအိမ်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထက်ထက်လှိုင်(LL.B. D.B.L.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၇၄၇ )**
**အမှတ်(၅၁၉)၊ ပန်းခြံစု ဗဟိုလမ်း၊ ၂၄–ရပ်ကွက်၊ ဧကုန်းကျေးရွာ၊**
**ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း – ၀၉ –၂၅၀၅၂၄၉၄၃၊ ၀၉–၇၇၆၄၅၄၉၁၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လှူနေရပ်ကွက်အမှတ်(၉)၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၆၇၈)ရှိ မြေရှင်ဒေါ်ထွေးကြည်နှင့် ကန်ထရိုက်တာ ဦးကျော်နန္ဒတို့မှ အခန်းပေး အခန်းယူဆောက်လုပ်ထားသော(၂ခန်းတွဲ၈–ထပ်)ကွန်ဒိုတိုက်ခန်းများအနက်မှ 6–(B) (၇)လွှာ(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၉ပေx၅၅ပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စောနန်းဌေး (၄/ပလဝ(နိုင်) ၀၂၇၃၀၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မြတ်မိုးသိမ်း (၁၂/အလန(နိုင်)၀၃၁၃၂၈) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်မိုးသိမ်း ၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်–၈၃၅၁(၁၃–၉–၂၀၁၂)** | **စဉ်–၅၃၁၅၀ (၃၀–၆–၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၉၇၂၃၀၉၈၉၂**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

(၅၆) ကြိမ်မြောက် ၁,၀၀၀ ကျပ်တန် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီကို (၁.၁၀.၂၀၂၃) ရက်နေ့မှ စတင် ရောင်းချပေးနေပြီး ဆုမဲများကို သီးခြားခွဲ၍ ဖွင့်လှစ်ချီးမြှင့် ပေးသွားမည်ဖြစ်လို့ အွန်လိုင်းမှဝယ်ယူ ကံစမ်းသူများ အနေဖြင့် ထီဆုကြီးများနှင့် ဆုမဲပေါင်းများစွာ ကံထူးနိုင် တော့မည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

နိုဝင်ဘာလ (၁)ရက်နေ့ ထီဖွင့်မည်။
ထီဖွင့်ရန် (၆)ရက်သာ လိုတော့သည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ ချည်ထုတ်လုပ်သည့် အောက်ဖော်ပြပါ စက်ရုံများမှ ၁/၇ စီချည်၊ ၁/၄၀ စီချည်၊ ၂/၈၀ ဘီးဖြီးချည်၊ တင်ဒါအမှတ်စဉ် (၁၁/၂၀၂၃-၂၀၂၄)ဖြင့် ရောင်းချလိုပါ၍ တင်ဒါ အဆိုပြုလွှာများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

**စဉ် စက်ရုံအမည်**

(က) အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)
(ခ) အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း)
(ဂ) အမှတ်(၄)အထည်စက်ရုံ (ပွင့်ဖြူ)
(ဃ) အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)
(င) အမှတ်(၇)အထည်စက်ရုံ (မြစ်သား)
(စ) အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်)

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၂၃ရက် (ကြာသပတေးနေ့)

**တင်ဒါပိတ်ရက်** - ၈-၁၁-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၀၃၊ ၀၆၇-၄၀၈၃၆၂

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးဝင်းဌေး (၁၂/မရက(နိုင်)၁၁၄၀၃၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် ဦးဝင်းဌေးအား ချောင်းသာမြို့နေထိုင်သူ ဦးအောင်မျိုးလှိုင် (၁၄/ပသန(နိုင်)၁၅၈၃၁၉)မှ မ.၁၅၈(မြေညီထပ်)နှင့် ပထမထပ်၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်ရှိ တိုက်ခန်း(၂)ခန်းအား ၎င်းအမှန်တကယ်ပိုင်ဆိုင်မှုရှိ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ဦးအောင်မျိုးလှိုင်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား စစ်ဆေးရာ မှန်ကန်မှုရှိသည့်အတွက် စရန်ပေးပြီးသည့်နောက် ကန့်ကွက်လိုသူ ရှိ/မရှိ ကြေညာခဲ့ရာ ကန့်ကွက်မည့်သူမရှိခဲ့သဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ပဋိညာဉ်တစ်ရပ် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်အမှတ် (၁၅၈)၊ မြေညီထပ်နှင့် ပထမထပ် (ဝဲဘက်)အခန်း၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်ရှိ တိုက်ခန်း(၂)ခန်းမှာ ဦးဝင်းဌေးတစ်ဦးတည်းနှင့် သာသက်ဆိုင်၍ မည်သူတစ်ဦးတစ်ယောက်နှင့် ပတ်သက်ဆက်နွှယ်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဆုအောင်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၉၄၁)**
**အမှတ် (၁၆၁)၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၈၂၅၀၇၄၀၁၊ ၀၉-၇၅၆၀၃၇၃၅၀**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ်(၁၀)၊ ပဒေသာ၊ ဦးပိုင်အမှတ်(၃၁၄)၊ မြေဧရိယာ (၀. ၀၂၇၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်ခင်ပေါ ၉/မမန(နိုင်)၀၂၆၁၀၉မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၅၈၁ )၊ ဧရိယာ(၀.၀၉၁)ဧကရှိ ဒေါ်ခင်မြင့်ဝေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမျိုးထက်အောင်(ဘ)ဦးအောင်ကျော်ဆန်း ၉/စကတ(နိုင်)၀၆၃၈၂၈မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၁၀/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ယူသိမ်းနိုင်(ဘ)ဦးအေးကို ၇/ပမန(နိုင်)၁၃၆၀၅၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်

### ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ၊ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ)(ပေါင်းကူး)သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၂၀၂၄ ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ၊ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) (ပေါင်းကူး) သင်တန်းများဝင်ခွင့်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

၁။ **အရည်အချင်းသတ်မှတ်ချက်**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) သိပ္ပံဘာသာတွဲဖြင့် အနိမ့်ဆုံးအခြေခံပညာအထက်တန်း (က)အဆင့်ဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်၊
(ဂ) ဆေးဘက်ကျွမ်းကျင်(၃)(ဓာတ်ခွဲ)/(ဓာတ်မှန်) သင်တန်းအောင်မြင်ပြီးနောက် ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနအားလုံးတွင် ဆေးဘက်ကျွမ်းကျင်(၃)(ဓာတ်ခွဲ)၊(ဓာတ်မှန်) ရာထူးဖြင့် အနည်းဆုံး လုပ်သက်(၅)နှစ် တာဝန်ထမ်းဆောင်ပြီးသူ ဖြစ်ရမည်၊
(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
(င) သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲ (ရေးဖြေ/နှုတ်ဖြေ) ဖြေဆိုအောင်မြင်ရမည်၊
(စ) သင်တန်းတက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၃)နှစ် ဆက်လက် တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်လွှာပိတ်ရက်မှာ (၁-၁၂-၂၀၂၃) ရက်(သောကြာနေ့)ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ပေးပို့ရမည့်အချက်များကိုပြည့်စုံစွာဖြည့်စွက်၍ သက်ဆိုင်ရာဌာနဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးမှ တစ်ဆင့် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ရန်ကုန်သို့ လျှောက်ထားရမည် ဖြစ်ပြီး ကြိုတင်လျှောက်လွှာမိတ္တူ(၁)စောင်ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

**မှတ်ချက်။** (၁) သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှတစ်ဆင့် လျှောက်ထားရမည် ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။
(၂) လျှောက်လွှာပိတ်ရက်ထက်နောက်ကျပြီး ပေးပို့သော လျှောက်လွှာများ၊ သတ်မှတ်ချက် မပြည့်စုံသော လျှောက်လွှာများ၊ သက်ဆိုင်ရာဌာနအကြီးအမှူးမှတစ်ဆင့် လျှောက်ထားခြင်းမရှိသော လျှောက်လွှာများကို လုံးဝ (လုံးဝ) လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ **လျှောက်လွှာနှင့်အတူပေးပို့ရမည့်အချက်များ-**

(က) ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဝန်ထမ်းစိစစ်ရေးကတ်မိတ္တူနှင့် ဝန်ထမ်းကိုယ်ရေးမှတ်တမ်း မိတ္တူမှန်၊
(ဂ) သိပ္ပံဘာသာတွဲဖြင့် အနိမ့်ဆုံးအခြေခံပညာအထက်တန်း(က)အဆင့် အောင်လက်မှတ်မိတ္တူမှန်၊
(ဃ) လက်ရှိတာဝန်ထမ်းဆောင်နေကြောင်း သက်ဆိုင်ရာဌာနအကြီးအမှူး၏ ထောက်ခံစာမူရင်း၊
(င) ဝင်ခွင့်စာမေးပွဲကြေး ကျပ်(၁၀၀၀/-)ပေးသွင်းထားသည့် ချလန်မူရင်း၊
(စ) (၆)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံကို လျှောက်လွှာတွင်ကပ်ပြီး အပို(၂)ပုံ၏ ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်။

၅။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ/နှုတ်ဖြေစာမေးပွဲများဖြင့် စစ်ဆေးရွေးချယ်ပါမည်။ ဝင်ခွင့်ရေးဖြေ စာမေးပွဲကို (၂၉-၁၂-၂၀၂၃) ရက် (သောကြာနေ့)တွင် စစ်ဆေးပါမည်။

၆။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ငွေကျပ်-၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့ စီးပွားရေးဘဏ်(အင်းစိန်)တွင် ဖွင့်လှစ်ထားသော MD-011670 သို့ ပေးသွင်းရမည်။

**မှတ်ချက်။** ။ မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် (အင်းစိန်)တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ် MD-011670 သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့် ပေးပို့နိုင်ပါသည်။

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ဖုန်း ၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း နိုင်ပါသည် (သို့မဟုတ်) ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ website-www.umty.gov.mm သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/49960,Honda Wave-125 ယာဉ်လက်ဝယ်ရှိသူ ဦးသာအောင် ၁၄/ဘကလ(နိုင်)၀၀၄၇၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၀၈)၊ ကျောက်ငူကွက်၊ ဦးပိုင်အမှတ် (၃၃)၊ ဧရိယာ ၀.၁၄၀ဧကရှိ ဂရန်မြေအား ဒေါ်ဌေးမြာအောင် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တန်းမြို့နယ်၊ ကရင်ချောင်ကျေးရွာမှ (ဘ)ဦးလှအောင်၏ သမီးဖြစ်သူ ကရင်ချောင်ကျေးရွာ၊ မူလတန်းကျောင်းအုပ်ဆရာမ ဒေါ်မာမာဆွေနှင့် ဒေါ်အမာဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မာမာဆွေ(ခ)ဒေါ်အမာဆွေ**
**၁၂/ကတန(နိုင်)၀၅၅၃၇၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အုန်းတောလမ်းနေ ဦးအပါ၏ ဖခင် ဦးမြအေး(ခ) ဦးအုန်းမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြအေး(ခ)ဦးအုန်းမောင်**

## ဦးကျော်ဌေးနှင့်အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၈)၊ ဦးပိုင်အမှတ် (၃၀)၊ ဧရိယာ(၀.၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးကျော်ဌေး၏ အထူးကိုယ်စားလှယ်စာရသူ ဦးတင်သိန်းထံမှ ကျွန်မဒေါ်ရွှောက်ဆန်(ခ) ဒေါ်မိုးမိုးဝင်းမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၃-၁၁-၂၀၂၃)ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေး အကြောင်းကြားပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးကျော်ဌေးနှင့်အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရွှောက်ဆန်(ခ)ဒေါ်မိုးမိုးဝင်း**
**အကွက်(လလ-၈)၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၉၇၉၉၉၉၇၈၉**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁၀-၂၀၂၃ရက်နေ့ မြန်မာ့အလင်း သတင်းစာ၏ ကြော်ငြာစာမျက်နှာ ၂၄ ပါ ဦးစိုင်းမျိုးထက် (အထက်တန်း ရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် အမှတ် (၃၀-က) အစား အမှတ် (၃၉-က)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမက ရွှေဂုဏ်တန်း KG တန်းမှ ဦးထွန်းမင်းနိုင်၏သား မောင်ထက်အာကာဖြိုး၏ အမည်မှန်မှာ မောင်နေလင်းအောင် ဖြစ်ပါသည်။

**မောင်နေလင်းအောင်**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၉၉)၊ ကွင်းအမည် (ကျောက်ကန်ကွင်း)၊ ဦးပိုင်အမှတ်(၅၃)၊ မြေမျိုးနှင့်အတန်း(G)၊ မှော်ဘီမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်း အင်းဦးစီးဌာနတွင် ဒေါ်ခင်ဝင်းမာ အမည်ဖြင့်မှတ်သားတည်ရှိသည့် ဧရိယာ(၂.၇၉)ဧကအနက်မှ တရားဝင်မခွဲ မစိတ်ရသေးသည့် (၁၂၇ပေx၁၆၀) ကျယ်ဝန်းသည့် မြေကွက်ကို အဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ဦးတင့်ဆွေ (၁၂/မဘန(နိုင်)၀၈၂၈၄၃)ထံမှ ကျွန်မ ဒေါ်အေးမြတ်သန္တာ (၁၂/လမတ(နိုင်)၀၂၉၅၁၀)က (၁၈-၁၀-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက် အရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ပိုင်းကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အားဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်သန္တာ (၁၂/လမတ(နိုင်)၀၂၉၅၁၀) အမှတ်(၉)၊ မာလာလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၄၃၁၇၀၈၇**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အုတ်ဖိုမြို့နယ်၊ အေးမြသာယာအုပ်၊ (၉)ရပ်ကွက်နေ ကျွန်တော် ဦးတင်လှိုင် ၇/အဖန(နိုင်)၀၂၁၂၁၀နှင့် ကျွန်မ ဒေါ်သန်းမြင့် ၇/အဖန(နိုင်)၀၂၁၄၂၉ တို့၏သမီးဖြစ်သူ မတိုးတိုးနွယ် ၇/အဖန(နိုင်)၀၅၈၈၂၀ သည် မိဘဆိုဆုံးမခြင်းကို လက်မခံဘဲ မိမိသဘောဆန္ဒအလျှောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း သိစေအပ်ပါသည်။

**ဦးတင်လှိုင်-ဒေါ်သန်းမြင့်**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ချစ်ကြည်ရေးလမ်း၊ ဈေးပိုင်ကွင်းအမှတ်(၂၇၈ )နေ ကျွန်မဒေါ်စိန်မြ (၁၂/အစန(နိုင်) ၀၉၄၇၁၆)မှ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ ကျွန်မဒေါ်စိန်မြနှင့် ခင်ပွန်းဖြစ်သူ ဦးခင်ဝင်းတို့သည် ဦးပိုင်အမှတ်(၂၇၈)၊ ဈေးပိုင်ကွင်း၊ ချစ်ကြည်ရေးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်ရှိ မြေနှင့်နေအိမ်တို့အား ပိုင်ဆိုင်ခဲ့ပါသည်။ (၂၄-၈-၂၀၀၈)ရက်တွင် ခင်ပွန်းဖြစ်သူ ဦးခင်ဝင်းမှာ ကွယ်လွန်သွားခဲ့ပါသည်။ ယခုအခါ ခင်ပွန်းဖြစ်သူကွယ်လွန်သွားပြီးဖြစ်သည့်အတွက် အထက်ဖော်ပြပါမြေနှင့်နေအိမ်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်ချုပ်ဆိုရန် ကြော်ငြာအပ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအမွေဆက်ခံပိုင်ဆိုင်ကြော်ငြာစာချုပ်အား ဆက်လက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်စိန်မြ ၁၂/အစန(နိုင်)၀၉၄၇၁၆**
**အမှတ်(၂၇၈)၊ ဈေးပိုင်ကွင်း၊**
**ချစ်ကြည်ရေးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်**
**ဖုန်း-09-778940206**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၂၀က/၃)၊ ဦးပိုင်အမှတ်(၄/၉-ခ)၊ မြေဧရိယာ (၀.၀၇၉)ဧကရှိ မြေကွက်သည် ဒေါ်နန်မော်အမည်ဖြင့်အမှုတွဲအမှတ်၊ ၂၀၂(၃)(၂၀၀၆-၂၀၀၇)အရ(၁၅-၈-၂၀၁၆)ရက်အထိ (၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်နန်မော်က(၁၉-၆-၂၀၁၅)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၉၇/၂၀၁၅) အရ ဒေါ်ဘီခေါင်နော ၁၃/ကခန(နိုင်)၀၃၄၁၇၃ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဘီခေါင်နောအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ ဌာနများအတွက်
# အမှုထမ်းရာထူးနေရာများ လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ **သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာန(နေပြည်တော်)၊ မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)၊ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(ခတ်တော်၊ အေလာ)** များအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် အထက်ဖော်ပြပါဌာနများတွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ်နေရာ | အနိမ့်ဆုံးပညာ အရည်အချင်း | အသက် သတ်မှတ်ချက် |
|---|---|---|---|---|
| (က) | စက်မှုကျွမ်းကျင်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၁၈)ဦး | B.E (Metallurgy) / B.E (Mechanical Precision and Automation) / B.E( Mechanical) | ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ အစိုးရဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ |
| | | (၁) ဦး | B.E (Electrical Power) (အမျိုးသား) | |
| | | (၂) ဦး | B.Sc(Geology) (အမျိုးသား) | |
| (ခ) | ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၅)ဦး | B.E (Information Technology) B.C.Sc, B.C.Tech | |
| (ဂ) | စက်မှုကျွမ်းကျင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၄)ဦး | A.G.T.I ( Mechanical) A.G.T.I (Electronics) | |
| (ဃ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၄)ဦး | ဘွဲ့တစ်ခုခုရရှိပြီးသူ | ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ |
| (င) | စက်မှုကျွမ်းကျင်(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၃)ဦး | G.T.H.S(ET, EcT) / ITC (Electrician) လက်မှတ်ရရှိပြီးသူ | ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၃၀)နှစ်ထက် မကျော်လွန်သူ၊ အစိုးရဝန်ထမ်း ဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူ |
| (စ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၁)ဦး | အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ | ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက် (၄၇)နှစ်ထက် မကျော်လွန်သူ |
| (ဆ) | အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၁)ဦး | အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ (အမျိုးသား) | |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား အလုပ်လျှောက်လွှာခေါ်ယူသွား မည်ဖြစ်ပါသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) လုပ်ငန်းလိုအပ်ချက်အရ ဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားမည်။
- (ဂ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရသူများသည် နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ **အပုဒ်(၁)**ပါဌာနများတွင် တစ်ဆက်တည်း လုပ်သက်အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ် ရေးထိုးရမည်။
- (ဃ) ကျန်းမာရေးကောင်းမွန်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (င) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများလျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် **အပိုဒ်(၁)**ပါဌာနများတွင် ထုတ်ယူ၍ လျှောက်လွှာများကို (၂၆-၁၂-၂၀၂၃) ရက်နေ့ နောက်ဆုံးထားပြီး အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲလျက် တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်-
- (က) ဘွဲ့လက်မှတ် / ဒီပလိုမာ (သို့) သင်တန်းဆင်းလက်မှတ် / တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်) ၊ စာမေးပွဲဖြေဆိုခြင်း (သို့မဟုတ်) လူတွေ့စစ်ဆေးသည့်အခါ အဆိုပါလက်မှတ်များ မူရင်းတင်ပြရန်၊
- (ခ) (၃) လအတွင်းရိုက်ကူးထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- (ဂ) ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့်အထောက်အထားများကို သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်း ထောက်ခံချက်နှင့်အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ ရုံးအမှတ် (၂၁)၊ နေပြည်တော်သို့ (၂၆ - ၁၂ -၂၀၂၃) ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့လျှောက်ထားနိုင်ပါသည်၊
- (ဃ) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမား မှတ်ပုံတင်မိတ္တူ၊
- (င) (၁) လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ မူရင်း၊
- (စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် မူရင်း၊
- (ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်း ကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်မူရင်း၊
- (ဇ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ဝန်ခံကတိပြုလွှာ

၄။ အရည်အချင်းစစ်စာမေးပွဲကို လျှောက်လွှာတင်သွင်းသည့်ဌာနများတွင် ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
- (က) အမှတ်စဉ် (က)၊ (ခ)၊ (ဂ)၊ (ဃ) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကို (၂၉- ၁၂ -၂၀၂၃) ရက်နေ့ နံနက်(၈:၀၀) နာရီမှ (၁၀:၀၀)နာရီ အထိ မြန်မာစာ၊ နံနက်(၁၁:၀၀)နာရီမှ (၁၃:၀၀)နာရီအထိ အင်္ဂလိပ်စာ၊ နေ့လယ် (၁၄:၀၀)နာရီမှ (၁၆:၀၀)နာရီ အထိ အထွေထွေဗဟုသုတဘာသာရပ်တို့ ဖြေဆိုစစ်ဆေးခြင်း။
- (ခ) ရေးဖြေစာမေးပွဲအောင်မြင်ပြီးသူများနှင့် အမှတ်စဉ် (င)၊ (စ)နှင့်(ဆ) ရာထူးနေရာများအတွက် လူတွေ့(နှုတ်ဖြေ)စစ်ဆေးခြင်းကို (၃၀-၁၂-၂၀၂၃) ရက်နေ့တွင် ကျင်းပ ပြုလုပ်ခြင်း။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက် မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့်မကိုက်ညီသူများကို (လုံးဝ) ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေ/ လူတွေ့စာမေးပွဲဖြေဆိုခွင့်ရရှိသူများအား နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းသောဌာနများ၌ (၂၇- ၁၂ -၂၀၂၃) ရက်နေ့နှင့် (၂၈- ၁၂ -၂၀၂၃) ရက်နေ့တွင် ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား နှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၇။ အမှုထမ်းရာထူးနေရာများလျှောက်လွှာခေါ်ယူခြင်းနှင့်ပတ်သက်သည့် အသေးစိတ်အချက် အလက်များအား ဦးစီးဌာန၏ Website ဖြစ်သော www.dtpc.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး လျှောက်လွှာပုံစံနှင့် ဝန်ခံကတိပြုလွှာပုံစံတို့အား download ရယူနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များအား ထပ်မံသိရှိလိုပါကအောက်ပါဖုန်းနံပါတ်များကိုလည်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-
- (က) နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။ — ၀၆၇ - ၃၄၀၄၄၅၅
- (ခ) ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန (ခတ်တော်) — ၀၉ - ၇၅၂၉၆၆၇၇၂ ; ၀၉ - ၂၁၅၁၃၉၁
- (ဂ) ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန (အေလာ) — ၀၉ - ၇၉၉၂၁၁၉၂၄
- (ဃ) မော်တော်ယာဉ်နည်းပညာသုတေသနဌာန (ပြင်ဦးလွင်) — ၀၉ - ၈၈၁၃၁၇၅၁၁ ; ၀၉ - ၈၈၂၀၄၄၆၅၄

**နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း
ဝက်လက်မြို့နယ်၊ မကျီးဖြူကျေးရွာနေဦးစိန်မောင်၏ သားမောင်သန်းဆွေဝင်း ၅/ဝလန(နိုင်)၁၄၁၀၀၁ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MF- 915178 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၅၂၈၅၂၃

## ပျောက်ဆုံးကြောင်း
ဝက်လက်မြို့နယ်၊ မကျီးဖြူကျေးရွာနေ ဦးသာငွေး၏သားမောင်ဝေဖြိုးကျော် ၅/ဝလန(နိုင်)၂၂၃၈၀၅၏ နိုင်ငံကူးလက်မှတ်နံပါတ် MF-930606 မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၉၆၃၈၂၆၆

## ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင်၊ ရေဦးမြို့နယ်၊ ပန်းကုန်းကျေးရွာ၊ ပန်းကုန်း Grade-9 အောင်မှ မဇာနည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျွန်းဆောင်ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်
ရသေ့တောင်မြို့နယ်၊ ခွဆုံကျေးရွာမှ (ဘ)ဦးမောင်ကျန်စော၏သမီး မဝိုင်းဝိုင်းချို ၁၁/ရသတ(နိုင်)၁၀၂၈၇၁၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၁၀-၂၀၀၀ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း
မင်းပြားမြို့နယ်၊ အထက(ခွဲ) စအင်း၌ ပညာသင်ကြားနေသည့် မသိန်းစိုး၊ ချိုချိုဝင်း၊ ချိုချိုသန်း၊ အောင်နိုင်လင်းတို့၏ ဖခင် ဦးမောင်အုန်းနှင့် ဦးထွန်းရင် ၁၁/မပန(နိုင်)၀၉၅၇၂၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာ ဖလမ်း၊ အမှတ် ဖ၈၄ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၂ခန်းတွဲ ၅ထပ်တိုက်၏ တတိယထပ်(၄)လွှာ၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၇' x၅၄')နှင့် ရေမီးအစုံ အကျိုးခံစားခွင့်အားလုံးတို့ကို ဝယ်ယူရန် လက်ရှိပိုင်ရှင်ဖြစ်သူ ဦးဝင်းနိုင် (ဘုန်းပြည့်လျှံဆောက်လုပ်ရေး) ၁၂/ဥကမ(နိုင်)၂၆၃၀၁၁ အား ဦးဇေမင်းထွဋ် ၇/ပတတ(နိုင်)၁၁၈၂၆၃ မှ စရန်ငွေပေးချေထားပြီးဖြစ်သည်။

ဤအကြောင်းအရာနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ကျွန်ုပ်ထံသို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အထောက်အထား ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိခဲ့ပါက အထက်ဖော်ပြပါ တိုက်ခန်းအား အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇေမင်းထွဋ်**
၇/ ပတတ(နိုင်)၁၁၈၂၆၃
ဖုန်း-၀၉- ၂၅၄၂၀၂၉၇၁

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း
နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အောင်ဇမ္ဗူမြေကွက်အမှတ်(၃၂၇ )၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ခင်ခင်မျိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူး/ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်ပြည့်ပြည့်ဖြိုး(ဘ)ဦးစိုးသိန်း ၁၄/မအန(နိုင်) ၁၄၇၆၇၀ မှ မြေငှားစာချုပ်၊ အထူး/ကိုယ်စားလှယ်လွှဲစာအမှတ်(၃၈၁၁/ ၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ထက်ထက်အောင်(ဘ)ဦးစိန်တင် ၉/အမဇ(နိုင်)၂၅၁၁၈၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း
ကျွန်တော်များ Amazing Partner Co.,Ltd. သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ရရှိထားသော သွင်းကုန်လိုင်စင်အမှတ် ILV 2021 02765 (30/12/2020), ILV 2021 02768 (30/12/2020) , ILV 2021 02776 (30/12/2020) စုစုပေါင်း (၃)စောင်မှာ ရုံးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ဆက်သွယ်ပေးပါရန် - ၀၉-၄၅၀၀၈၇၇၇၁၂

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 6N/5544 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေစင်အောင် ၇/ပခန(နိုင်)၃၅၁၆၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 12U/8234, XUHAIFAU 125, EMT (3W) အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးကျော် ၁၄/ပသန(ပြု) ၀၀၀၆၀၈ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 64W/36736, Turbo Star-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းဇော် ၉/ပမန(နိုင်)၁၆၀၂၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 12U/8234, XUHAIFAU 125, EMT (3W) ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးကျော် ၁၄/ပသန(ပြု)၀၀၀၆၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း(ပထမထပ်)၊ အခန်းအမှတ်(၄၈၈)တွင် တည်ရှိသော ASTORIA TRAVELS & TOURS Co., Ltd (Reg : No – 109097322 / 11-7-2013)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို သုံးစွဲသူဖြစ်ကြောင်း ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ စာချုပ်မှတ်ပုံတင်အမှတ်- ၄/၉၀၉၄ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ကြောင်း ASTORIA TRAVELS & TOURS Co., Ltd (၎င်းကုမ္ပဏီ၏ကိုယ်စား ဦးအောင်လွင်ဟိန်း(၉/ပမန(နိုင်)၁၉၀၄၅၅)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မှတ်ပုံတင်စာချုပ်အမှတ်-
၄ / ၉၀၉၄ / ၂၀၂၃(၁၁- ၁၀-၂၀၂၃)

အထက်ဖော်ပြပါ "ASTORIA TRAVELS & TOURS" လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအား လေကြောင်းပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားကိုယ်စားလှယ်လုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ကြိုတင်မှာယူခြင်းလုပ်ငန်းများနှင့် ဆက်စပ်နေသော ဝန်ဆောင်မှုလုပ်ငန်း"တို့၏ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားအဖြစ် Digital Platformတွင် လုပ်ကိုင်ဆောင်ရွက်နေပါသည်။ ထို့ပြင် ကုမ္ပဏီ၏ အမှတ်တံဆိပ်အဖြစ် ရုံးခန်းဖွင့်လှစ်အွန်လိုင်းစနစ်ဖြင့် ကြော်ငြာပေးခြင်း၊ ရောင်းချပေးခြင်းတို့ကို ASTORIA TRAVELS & TOURS CO., Ltd က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်း၌ အသုံးပြုသွားမည် ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်း အမှတ်တံဆိပ်ဖြင့် စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ တီရှပ်၊ ရုပ်ရှင်၊ Letter Head၊ Internet Website၊ Facebook အစရှိသည့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသော Social Media Online Platform များပေါ်တွင် အသုံးပြုမည်ဖြစ်ပါသည်။ ထိုလုပ်ငန်းအမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုးမပြုလုပ်၊ မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လီလီဖြိုး (စဉ်-၄၇၁၂၅)** **ဒေါ်သက်ထားဇွန် (စဉ်-၄၈၅၇၀)** **ဒေါ်သဇင်မိုး (စဉ်-၅၂၇၉၄)**
**အထက်တန်း ရှေ့နေများ**
**အမှတ်-၄၈၈(မြေညီထပ်)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၆/၉)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁)၊ မြေကွက်အမှတ်(၆၅/ခ)၊ အကျယ်အဝန်း(၂၀ပေX၆၀ပေ)ကျယ်ဝန်းသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးကြီးမြင့်အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်ပျဉ်ထောင်၊ အဆောက်အအုံနှင့် ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း မိတ္တူမူရင်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဆက်ခံ/လွှဲပြောင်း/ရောင်းချပိုင်ခွင့်ရှိသော ဒေါ်ခင်မာချို (၁၂/ရပသ(နိုင်)၀၀၃၀၅၆)ထံမှ ကျွန်ုပ်မ ဒေါ်မာမာစိန်(၁၂/ဒလန(နိုင်)၀၃၄၇၅၀)က (၂၄-၁၀-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူမြေနှင့်အဆောက်အအုံ အပြီးအပိုင်အရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် ဝယ်ယူရန်သဘောတူညီကြပြီး စရန်ငွေတစ်စိတ်တစ်ပိုင်းကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မာမာစိန် ၁၂/ဒလန (နိုင်) ၀၃၄၇၅၀**
**အမှတ်(၃၂)၊ (၆-လွှာ)၊ လှော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၈၃၈၆၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
## မဟာကွန်ပျူတာသိပ္ပံဘွဲ့/မဟာကွန်ပျူတာနည်းပညာဘွဲ့သင်တန်းသား/သူများ ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် မဟာဘွဲ့သင်တန်းများကို ၂၃-၁၁-၂၀၂၃ရက်(ကြာသပတေးနေ့)တွင်စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး စုစုပေါင်း (၂)နှစ်သင်တန်း ဖြစ်ပါသည်။

၃။ သင်တန်းအား အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ရမည်။

၄။ ပညာအရည်အချင်းသတ်မှတ်ချက်၊ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာ တင်ပြနိုင်သူ ဖြစ်ရမည်။

၅။ အဆိုပါ သင်တန်းသို့ အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ဖွင့်လှစ်ခဲ့သည့် ဘွဲ့ကြိုသင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ပြီး မဟာဘွဲ့သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများ၊

(ခ) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ဖွင့်လှစ်သည့် ဘွဲ့ကြိုသင်တန်းအောင်မြင်ပြီးနောက် လုပ်ငန်းခွင်အတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိသူများ၊

(ဂ) တစ်ခြားကွန်ပျူတာတက္ကသိုလ်များ၌ ဘွဲ့ကြိုသင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ပြီး မဟာဘွဲ့သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများ၊

၆။ သင်တန်းတက်ရောက်ရန် လျှောက်ထားသူများအနက် အထက်ဖော်ပြပါစာပိုဒ် (ခ) နှင့် (ဂ)ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ (Entrance Exam)ကို အောက်ပါအတိုင်း ဖြေဆိုရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာနှင့် ဘာသာရပ်ဆိုင်ရာများ **(Data Structure, Artificial Intelligence, Operating System, Software Engineering, Data Analysis and Management, Computer Networking, Computer Architecure, Maths (IQ Test)** အား ဖြေဆိုရမည်ဖြစ်ပါသည်-

| နေ့ရက် | ဘာသာရပ် | အချိန် | နေရာ |
|---|---|---|---|
| ၂၀-၁၁-၂၀၂၃ (တနင်္လာနေ့) | အင်္ဂလိပ်စာ | (၀၉:၀၀) မှ (၁၁:၀၀)နာရီ | သတင်းအချက်အလက် နည်းပညာတက္ကသိုလ် |
| | ဘာသာရပ် | (၁၃:၀၀) မှ (၁၅:၀၀)နာရီ | |

၇။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို ၂၀-၁၁-၂၀၂၃ ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၁-၁၁-၂၀၂၃ ရက်(အင်္ဂါနေ့)တွင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ဖြေဆို ကြရမည် ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိသူများစာရင်းကို ၂၂-၁၁-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့) တွင် ထုတ်ပြန်ကြေညာမည်။

၈။ သင်တန်းဝင်ခွင့်ဖြေဆိုရန် လာရောက်သောအခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံများကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် ၂၆-၁၀-၂၀၂၃ ရက်(ကြာသပတေးနေ့)မှ စတင်ရယူနိုင်ပြီး ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၂)ပုံနှင့်အတူ ၁၆-၁၁-၂၀၂၃ ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ပါရမီလမ်း၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၁-၉၆၆၄၇၀၉၊ ၀၉-၇၇၄၁၅၂၁၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**သတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/4771 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် - ၂၇ရပ်ကွက်၊ အကွက် အမှတ် (စ-၄)၊ ဦးပိုင်အမှတ်(၅၆)၊ ၆၅ x ၆၆လမ်းကြား၊ ၁၀၈ x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းဇော် ၉/မရတ(နိုင်)၀၂၁၁၀၉က အမှုတွဲအမှတ် ၅၀၇၅/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/2746 ယာဉ်လက်ဝယ်ရှိသူ Aung Motor Limited က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

---

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၊ မယ်ဆွယ်မြောက် ရပ်ကွက်နေ ဦးစိုင်းပန်းမောင် ၁၃/မပတ(နိုင်)၀၂၂၈၄၇ နှင့် ဒေါ်နန်းမွန်းအောင် ၁၃/မပတ(နိုင်)၀၃၂၁၈၂ တို့၏လွှဲအပ်ညွှန်ကြားချက်အရ သမီးဖြစ်သူ မနန်းလောင်ဆိုင် ၁၃/မပတ(နိုင်)၀၄၇၅၉၆ သည် မိဘနှစ်ပါး၏ ဆုံးမစကားကို နားမထောင်ခြင်း၊ ၎င်းတို့အား ကိုယ်စိတ်ဆင်းရဲစေရန် နည်းမျိုးစုံဖြင့် ရန်ရှာနေသည့်အပြင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များအား ဆောင်ရွက်နေသည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှိုင်လှိုင်ဌေး (LL.B, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၀၀၄)**
**အမှတ်(၂၃)၊ ပြည်သူ့ကွက်သစ်(၁)လမ်း၊ မုန့်/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၉၇၈၀၀၅၁**

---

### စက်မှုဝန်ကြီးဌာန
### အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့မှုအား ဖျက်သိမ်းကြောင်း ကြေညာခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)ရှိ Engine (Assorted Type Engine & Engine Block) အဟောင်း (၁၂,၀၀၀)လုံး (ခန့်မှန်းတန်ချိန် ၃,၀၀၀) အား လေလံတင်ရောင်းချနိုင်ရေး ၄-၇-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၅-၇-၂၀၂၃ ရက်ထုတ် ကြေးမုံသတင်းစာတို့တွင် ကြော်ငြာ၍ တင်ဒါခေါ်ယူခဲ့မှုအား ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**စီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၀၅၁၅၉ ၊ ၀၆၇-၄၀၅၁၅၈**

---

### ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူထံသို့ ကြားသိစေသည့် အကြောင်းကြားစာ
### ( တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)
### စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၈၇

ဒေါ်ခင်မာဝင်း **နှင့်** ၁။ ဦးထွန်းညွန့် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်း)
၂။ ဦးအေးလွင်မြင့်

**ပြင်ဆင်မှုလျှောက်ထားသူ** — **ပြင်ဆင်မှုလျှောက်ထားခံရသူများ**

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ချမှတ်ခဲ့သည့် မုံရွာခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၈၀/၂၀၁၉ ၏အမိန့်နှင့်ထုံးပုံကျအမိန့်ကို ပြင်ဆင်မှုလျှောက်ထားခြင်း။

ပြင်ဆင်မှုလျှောက်ထားခံရသူ အမှတ်(၁) ဦးထွန်းညွန့်(၎င်း၏ အခွင့်ရကိုယ်စားလှယ်ဒေါ်လဲ့လဲ့ဝင်း)၊ ခြံအမှတ်(၄၅၀)၊ ရာဇသင်္ကြန်လမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)နေသူသိစေရမည်။

ယခုအမှုတွင် မုံရွာခရိုင်တရားရုံးတော်က ချမှတ်ပေးသည့် စီရင်ချက် အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုဝင်ရောက်ရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်)တွင်ဆိုင်ရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းအေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**

---

### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က)(၂)နှင့် ဥပဒေပုဒ်မ ၁၅၂ (က)အရ
### "ICONIX MYANMAR COMPANY LIMITED"
### ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ ICONIX MYANMAR COMPANY LIMITED အား ၂၃-၁၀-၂၀၂၃ ရက်မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် (B.Com(Q) C.P.A, ASEAN CPA, Member of. MAIP)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် အဆိုပါအစည်းအဝေးတွင် တစ်ပါတည်းဆုံးဖြတ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **U SOE YU** | **ဒေါ်စန်းကြည်** |
| **Managing Director** | **B.Com (Q) C.P.A** |
| **"ICONIX MYANMAR COMPANY LIMITED”** | **(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)** |

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ ကောလိယ (၂၀)လမ်း၊ အမှတ်- ၄၇၁/က (ဖလွှာ) ရေိယာအကျယ်အဝန်း (၁၈ ပေ x ၅၅ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ဖြစ်သူ ဒေါ်ဖူးပွင့်စိုး ၁၂/ဥကတ(နိုင်)၁၈၉၄၄၀ မှ လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်ဆန်း ၁၂/ဗတထ(နိုင်)၀၁၇၈၉၁ က အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် အဆိုပါတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးခံစားသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို တိုက်ခန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲထူးကျော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၅၈၂)**
**အမှတ် (၉)ပလွှာ၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၀၉၇၉၇၃၄၄**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/58336 Yamaha Rayz-110, M/C ယာဉ်လက်ဝယ်ရှိသူ အရှင်ဇနက ၅/မရန(သ)၀၀၄၃၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/84940 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဦး ၅/ဒပယ(နိုင်)၀၈၈၁၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(ရွှေဘို)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၈၅၄၇၃ Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူသန့် ၅/မရန(နိုင်)၂၀၁၅၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၃၆၁၆၅ Jialing JL-90 M/C ယာဉ်လက်ဝယ်ရှိသူ ယဉ်ယဉ်အေး ၅/ဘတလ(နိုင်)၀၅၅၈၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၉၄၉၁၄ Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွယ်သွယ်အောင် ၅/ဘတလ(နိုင်)၁၁၁၁၁၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၇၄၃၃၁ Zong Shen 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမြတ်မွန် ၅/ကနန(နိုင်)၁၁၇၂၀၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ် (၄၁၅-N)၊ ဦးပိုင်အမှတ်(၂၀၄-ည)၊ ၈၆လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အုန်းခင် ၉/မနမ(နိုင်)၀၇၁၆၅၇၊ ဦးဇော်ဇော်နိုင် ၅/ထခန(နိုင်)၀၃၄၅၃၀တို့က အမှုတွဲအမှတ် ၅၀၇၁/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်း တိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ခခ-၄)၊ ဦးပိုင်အမှတ်(၇၃)၊ ၅၇လမ်း၊ ၁၀၂x၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းအောင်၏ (SPရသူ ဒေါ်မာမာအေး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၇၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးရန်လောက်ဟော် ၁၃/ကခန(နိုင်)၀၂၈၁၈၁ က အမှုတွဲအမှတ် ၅၀၇၇/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် - ၂၅ရပ်ကွက်၊ အကွက်အမှတ် (ဆ-၁၀)၊ ဦးပိုင်အမှတ်(၆၀-ခ)၊ ၇၀x၇၁လမ်းကြား၊ ၁၀၉x၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသူရဇော် ၁/မကတ(နိုင်)၀၀၁၁၈၉က အမှုတွဲအမှတ် ၅၀၇၄/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၉၇)၊ ဦးပိုင်အမှတ် (၇၄-စ)၊ မြေချိန် ဧရိယာ (၀.၇၆)ဧကရှိ ဘိုးဘွားပိုင်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်စိုးမိုးနိုင်နှင့် ဒေါ်မူယာရှိန်တို့ထံမှ မြေကွက်အပြီး အပိုင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ် (၂၇/၂၀၂၃)အရနှင့် မြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ် (၁၇၁/၂၀၂၃)တို့အရ ဦးခင်ဇော်နှင့် ဦးကိုကိုလွင်တို့နှစ်ဦးမှ အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါ၍ ဦးခင်ဇော်နှင့် ဦးကိုကိုလွင် တို့နှစ်ဦး၏အမည်သို့ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလဲလျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမာလာ(၄)လမ်း၊ အမှတ် (၃၃၀) အကျယ်အဝန်း (၁၃ ၁/၂'x၆၀') ရှေ၊ မီးစုံ အိမ်နှင့်မြေအား ပိုင်ဆိုင်သူဖြစ်သည့် ဦးစိုးဝင်း (၁၂/ဥကမ(နိုင်)၀၉၆၈၃၇) မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးကြည်ဖြူ ၁၂/ဥကမ(နိုင်)၀၀၂၀၃၀ မှ ဝယ်ယူရန် သဘောတူညီသည့်အတွက် စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချိုချိုမာ တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၀)**
**အမှတ် (၇၈၇)၊ သုဇာတာ (၁၀) လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၃၀၆၃၅၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၄)လမ်း၊ အမှတ် (၇၀၀/က)၊ စတုတ္ထထပ်၊ (၅)လွှာ တိုက်ခန်း (၁)ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်ထူး (၁၂/မရက(နိုင်)၀၃၁၆၅၄)နှင့် ဒေါ်လွင်လွင်အေး (၇/ကဝန(နိုင်)၀၄၄၅၉၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဌေးလွင်၊ တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၇၇၅)**
**အမှတ် (၂၇)(ဘီ)၊ မြေညီထပ်၊ ဗဟိုရ်လမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉၄၂၀၁၆၃၃၂၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ကန်အောက်ရပ်ကွက်၊ နဂါးပတ်ကျောင်းလမ်း၊ အမှတ်(၁၇၆)ဟုခေါ်တွင်သော မြေတိုင်းဌာန၏ ကွင်း/အကွက်အမှတ်နှင့်အမည်-(၂၀/ကန်အောက်ရပ်)၊ ဦးပိုင်အမှတ်(၁၃၄.က)၊ မြေကွက်အမှတ်-(176)၊ ဧရိယာ ၀ ဒသမ ၀၆၁ဧကရှိ အိမ်မြေ ဥပစာနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ်(၁၁၀/၂၀၂၂)အရ အမည်ပေါက်လျက်ရှိသူများဖြစ်ကြသော ဦးစံဘ ၁၃/တကန(နိုင်)၀၉၇၂၀၂နှင့် ဒေါ်နန်းခင်ခင်ညွန့် ၉/မကန(နိုင်)၀၈၂၇၂၇တို့က ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်မိတ်ဆွေဦးမောင်ငွေ ၁၃/လလန(ပြု) ၀၀၀၁၇၈က ဝယ်ယူရန်သဘောတူသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မည်သူမဆို ဤအရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖူးသဥ္ဇာဇော်(LL.B) အထက်တန်းရှေ့နေ**
**အမှတ်(၃၂၇)၊ စိန်ဆွယ်လမ်း၊ နယ်မြေ(၁၁)၊**
**ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၇

ဦးအောင်ကော် နှင့် ၁။ ဦးသောင်းစိန်
၂။ ဒေါ်ငုဝါစိုး
၃။ ဒေါ်ယုယုနိုင်
၄။ ဦးစိုင်းဇော်လတ်
၅။ ဒေါ်မွန်ဇာဝင်း

**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့၊ ဟော်ကုန်းရပ်ကွက်၊ စံပယ်ဖြူလမ်း၊ အမှတ်(၉၆)နေ (၂) တရားပြိုင် ဒေါ်ငုဝါစိုး(ယခုနေရပ်လိပ်စာမသိ)၊ (၃) တရားပြိုင် ဒေါ်ယုယုနိုင် (ယခုနေရပ်လိပ်စာမသိ)၊ (၄) တရားပြိုင် ဦးစိုင်းဇော်လတ် (ယခုနေရပ်လိပ်စာမသိ)နှင့် (၅)တရားပြိုင် ဒေါ်မွန်ဇာဝင်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

